# ကထောင်းနီကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကထောင်းနီကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကထောင်းနီကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ)  မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က)  ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ)  ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ)  သတင်းနှင့် ဆက်သွယ်ရေး | ၁၂ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး** | ၁၄ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၅ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၆ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၇ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၉ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၀ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၇၅ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၈၀ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၈၂ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃)) | ၈၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဩဂုတ်လ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ကထောင်းနီကျေးရွာ**
**လောင်းလုံးမြို့နယ်**

## ကထောင်းနီကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ အနောက်မြောက် ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ကထောင်းနီကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်ဒေသ ဖြစ်ပါသည်။ တောင်ဘက်တွင်ကညွံကျွန်းကျေးရွာရှိပြီး အရှေ့ဘက်နှင့် အနောက်ဘက်တွင် လယ်ကွင်းများဖြင့် ဝန်းရံထားပါသည်။ မြောက်ဘက်တွင်မူ လေးသွန်းခံကျေးရွာကျေးရွာ ရှိပြီး ကျေးရွာချင်း ဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်သဖြင့် သွားလေးလာရေးအတါက် အဆင်ပြေမှုရှိပါသည်။ ကထောင်းနီကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး အုပ်စုခွဲကျေးရွာများ မရှိပါ။ လောင်းလုံးမြို့နယ်မှ (၇) မိုင်ခန့် ကွာဝေးသဖြင့် နေ့ချင်းပြန်ပင် သွားရောက်ကြပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေ ချောမွေ့ပါသည်။ ကထောင်းနီကျေးရွာတွင် လယ်လုပ်ငန်းနှင့် ခနိလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၉) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ကထောင်းနီကျေးရွာတွင် ဓာတ် သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ ထို့အပြင် သစ်တောများ မရှိသဖြင့် တိရိစ္ဆာန် မျိုးစိတ်များနှင့် အပင်မျိုး စိတ်များ မရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကထောင်းနီကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ သာရေး နာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ဘေးကင်း လုံခြုံရေးတို့အတွက် ရည်ရွယ်၍ C.P.O၊ ရေကော်မတီ၊ မီးလင်းရေးကော်မတီ၊ သာရေး/နာရေးအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ အမျိုးသမီး ရေးရာအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့၊ ကလေးသူငယ် စောင့်ရှောက်ရေးအဖွဲ့နှင့် မီးသတ်အဖွဲ့ စသည့် အဖွဲ့များရှိပါသည်။ ထိုအဖွဲ့များ

အနက် C.P.O အဖွဲ့မှာ စွမ်းဆောင်နိုင်မှု အကောင်းဆုံးဖြစ်ပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဘာသာရေး၊ သာရေး နာရေး/လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေး စသည့်ကျေးရွာ၏ လိုအပ်ချက်မှန်သမျှကို စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်ပြီး အဓိကအားဖြင့် အဖွဲ့ဝင်(၁၄)ဦးရှိပါသည်။ ထို့အပြင် သာရေး/နာရေး အဖွဲ့မှာ အဖွဲ့ဝင်(၁၅)ဦးပါဝင်ပြီး ကျေးရွာ၏ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်ကာ စွမ်းဆောင်ရည် အသင့်အတင့် မြင့်မားပါသည်။ ထို့အပြင် ဂေါပက အဖွဲ့မှာ ဘာသာရေးကို အဓိကထားဆောင်ရွက်ပြီး အပျို/လူပျိုအဖွဲ့မှာ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကို ဆောင်ရွက် ကာ စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာ အသင်းမှာ အဖွဲ့ဝင် (၁၂)ဦးစီရှိကာ ပညာရေးကို အဓိကထား ဆောင်ရွက်ပေးပါသည်။ ရေပေးရေး ကော်မတီမှာ ကျေးရွာအတွက် သောက်သုံးရေ ရရှိရေးကို အဓိကထားဆောင်ရွက်ပြီး အဖွဲ့ဝင်(၉)ဦး ပါဝင်ပါသည်။ မီးလင်းရေးကော်မတီမှာ ကျေးရွာရှိ ဆိုလာမီးလင်းရေးဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းအား အဓိကထားဆောင်ရွက်ကာ စွမ်းဆောင်ရည်မြင့်မား ပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများသည် ကျေးရွာ၏ လိုအပ်ချက်များအား အဘက်ဘက်မှ ထောက်ပံ့ ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့ အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်  အဘက်ဘက်မှ ကျေးရွာလူထုများနှင့် ပူးပေါင်း၍ ကူညီ လုပ်ဆောင်ပေးနေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ် ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီ သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

ကထောင်းနီကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ အနေဖြင့် World Visionအဖွဲ့ရှိပြီး အုပ်ချုပ်ရေးမှူးအပါအဝင် အဓိကအားဖြင့် အဖွဲ့ဝင် (၄)ဦးပါဝင်ပြီး လူငယ်(၁၀)ဦးခန့်လည်း ပါဝင်ပါသည်။ World Visionအဖွဲ့သည် ကျေးရွာရှိ  ကိုယ်ဝန်သည်များအား အနှီးပိုင်းများ ထောက်ပံ့ခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်း နှင့်  ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့ခြင်းစသည့် ကျန်းမာရေး ဝန်ဆောင်မှုများကို ဆောင်ရွကပေး လျက်ရှိပါသည်။ ထို့အပြင် ဆင်းရဲသော မိသားစုများအား ဆန်၊ ကြက်ဥ၊ ငါးခြောက်စသော စားသောက်ကုန်များကိုလည်း ထောက်ပံ့ပြီး ငွေစုဆောင်းခြင်း အလေ့အထကိုလည်း လမ်းညွှန်ပေး လျက်ရှိပါသည်။ ထို့ကြောင့် ကထောင်းနီ

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ နည်းပါးသဖြင့် ပြင်ပအကူအညီများ ပိုမိုရရှိစေရန်အတွက် NGO, INGO, Unicef, World Vision စသည့် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကထောင်းနီကျေးရွာတွင် အဓိကသီးနှံမှာ စပါး အများဆုံး စိုက်ပျိုးပါသည်။ စပါးထွက်နှုန်းမှာ (၁)ကေလျှင် အနည်းဆုံးတင်း(၃၀)နှင့် အများဆုံး(၅၀)တင်း ရှိပါ သည်။ ပျှမ်းမျှအားဖြင့် တင်း(၄၀)ရှိကာ စိုက်ပျိုးကေမှာ (၂၀၁)ကေရှိပါသည်။ စပါးသီးနှံအား ဇွန်လ မှ အောက်တိုဘာအထိ စိုက်ပျိုးကြပြီး သွင်းအားစုလိုအပ်မှု မြင့်မားကာ အမြတ်ရရှိနိုင်မှု နိမ့်ပါသည်။ စပါးစိုက်ပျိုးချိန် မိုးရာသီတွင် ရေငန်ဝင်ရောက်မှုများ ဖြစ်ပေါ်တတ်သဖြင့် စပါးပင်များ ပျက်စီး ဆုံးရှုံးရပါသည်။ ထို့ကြောင့် ကျေးရွာရှိ ချောင်းမြောင်း(၁၀၀၀၀')အား အနက်ပြန်လည်တူးဖော်ရန် လိုအပ်နေပါသည်။ အချို့လယ်များတွင် ကထောင်းနီကျေးရွာ တွင် သဘာဝ ရေမြေရာသီဥတု အနေအထားနှင့် ပတ်သက်၍ သီးနှံ ထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ မရှိပါ။ လယ်ယာမြေ အသုံးချနိုင်မှုမှာ မိုးရာသီတွင် ရေငန်ဝင် ရောက်မှုများ ရှိသဖြင့် လယ်မြေများဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေ အရင်း အမြစ် အနေဖြင့် မြေအောက်ရေကိုသာ အဓိကထား အသုံးပြုကြ သဖြင့် အခက် အခဲရှိ ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်မှ ရရှိသလို မြစိမ်း ရောင် ကျေးရွာစီမံကိန်းမှလည်း ထုတ်ချေးပေးသဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် အဆင်ပြေမှု ရှိပါသည်။သီးနှံမျိုးစေ့၊ သဘာဝမြေဆွေး၊ ဓာတ်မြေဩဇာများအား ဝယ်ယူနိုင် သော်လည်း အလွယ် တကူမရရှိနိုင်ပါ။ ကျေးရွာ၏လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု အနေဖြင့် ထွန်စက်(၈)စီး၊ လက်တွန်းထွန်စက်(၁)စီး၊ ရိတ်သိမ်းခြွေလှိမ့်စက်(၃)စီး၊ ခြွေလှိမ့် စက်(၂)စီး၊ ရေစုပ် စက်(၁)လုံး၊ ခြေနင်းရေတင်စက်(၁)လုံးနှင့် မြက်ရိတ်စက်(၉)စီးတို့ ပိုင်ဆိုင် ကြပါသည်။ စပါးပျိုးထောင်ရန် အတွက် ငှါးရမ်း လုပ်ကိုင် သူများမှာ (၁)ကေလျှင် (၄၀၀၀၀) ကျပ်ပေးရပါသည်။ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခမှာမူ တစ်ကေလျှင် (၅၀၀၀၀)ကျပ် ပေးရ ပါသည်။ ရိတ်သိမ်း ခြွေလှေ့စက်များမှာ ကျေးရွာ(၃) လုံးသာရှိသဖြင့် ငှါးရမ်း အသုံးပြုနေရ သော အိမ်ထောင်စု (၃၅)စုခန့်ရှိပါသည်။ စက်ကိရိယာ များမှာ အလှည့်ကျ စောင့်ဆိုင်းရ သဖြင့် သီးနှံများ အမှည့်လွန်ကာ အလေအလွင့်အနည်းအငယ်ရှိပါသည်။ထို့ကြောင့် ကထောင်းနီကျေးရွာတွင် စိုက်ပျိုးရေး သုံးကိရိယာများ အဆင်ပြေစေရေးတွက် လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေး နေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်၊ ကုမ္ပဏီ များ စသည်တို့နှင့် ချိတ်ဆက်ပြီး ဝယ်ယူမည် ဆိုပါက တောင်သူများအတွက်

ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။ ထို့အပြင် စပါးထွက် ချိန်တွင် အရွက်များဝါခြင်း၊ လောင်မီး ပိုးများ ကျရောက်ခြင်း၊ အရွက်စားပိုးများ ကျရောက်ခြင်းတို့ ဖြစ်တတ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား စီးပွားအဖြစ် မွေးမြူသူများ မရှိဘဲ တစ်ပိုင်တစ်နိုင်မျှသာ မွေးမြူကြပါသည်။ နွားမွေးမြူသူ ဦးရေ(၁)အိမ်ထောင်စုရှိပြီး (၁၅) ကောင် ရှိပါသည်။ထို့အပြင် ကြက်(၃၂၉)ကောင်၊ ဘဲ(၁၉)ကောင်လည်းရှိပါသည်။တပေါင်းလ၊ တန်ခူးလများတွင် ကြက်ရောဂါများ ကျရောက်တတ်သဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများတွင် အရင်းအနှီးများ ဆုံးရှုံးရပါသည်။ ဈေးငွေမှာ မြစိမ်းရောင် ကျေးရွာ စီမံကိန်းမှ ထုတ်ချေးပေးပြီး အတိုးနှုန်းမှာ(၁%)သာဖြစ်သဖြင့် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် မွေးမြူထားသောတိရစ္ဆာန်များအား ဈေးနှုန်းမှန်ကန်စွာ ရောင်းချရန် ဈေးကွက်ရှိသည့်အပြင် အိမ်ခြံဝင်းအတွင်း မွေးမြူရန် မြေနေရာလည်း အသင့်အတင့် ရှိပါသည်။ ထို့ကြောင့် မွေးမြူရေးဆိုင်ရာ ရောဂါ ကာကွယ်ကုသနည်းများ၊ မွေးမြူရေး နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ထို့အပြင် ငါးမွေးမြူရေးလုပ်ကိုင်ရန် အခွင့် အလမ်း များမှာ နည်းပါးပါသည်။ ကမ်းလွန်ငါးဖမ်း လုပ်ငန်း လုပ်ကိုင်သူ အလုပ်သမား(၃)ဦး ရှိပြီး စီးပွားအဖြစ် လုပ်ကိုင်ကြခြင်း မဟုတ်ဘဲ ဝမ်းစာဖူလုံမှုအတွက်သာ လုပ်ကိုင်ကြ ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် အပိုဝင်ငွေများ ရရှိစေရန်အတွက် မွေးမြူရေး နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် မျိုးကောင်းမျိုးသန့်များ ရရှိရန် လို အပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် သစ်ထုတ်လုပ် ခြင်း လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊လက်သမား၊ပန်းရံ၊ စက်ချုပ်၊အလှပြုပြင်ခြင်း၊ မီးလင်းရေး လုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ ကျပန်းအလုပ်သမားများ၊ အစိုးရဝန်ထမ်းများ၊ ပို့ဆောင်ရေး လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကညွှံကျွန်းကျေးရွာတွင် ဓနိမြေများ အသင့်အတင့် ပေါများသဖြင့် ဓနိဖက် အဓိကထွက်ရှိသော နေရာဖြစ်ပါသည်။ ကျေးရွာ၏ အဓိက ထုတ်ကုန် လုပ်ငန်းဖြင့် ဓနိဖက်လုပ်ငန်းကို အိမ်တိုင်း နီးပါး လုပ်ကိုင်ကြပါသည်။ဓနိတောကိုယ်ပိုင် မရှိသူများသည် ဓနိဖက်လုပ်ငန်းကို အငှားပြု လုပ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါသည်။ ဓနိအပင်များမှ ဓနိဖက်များ သာမကပျား (ဓနိသကြား) နှင့်ပအုံးရည် (ဓနိရည်ကို အချဉ်ဖောက်ထားသော အရည်) များလည်း ထွက်ရှိပါသည်။ ဓနိဖက်များသည် (၁)ကေလျှင် အများဆုံး (၅၀၀၀)ပျစ် ထွက်ရှိပြီး အနည်းဆုံး(၂၅၀၀) ပျစ် ထွက်ရှိပါသည်။ ဓနိဖက် (၁၀၀၀) ပျစ်

လျှင် အနည်းဆုံး (၅၅,၀၀၀)ကျပ်နှင့် အများဆုံး (၇၀,၀၀၀)ကျပ် ရရှိပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည် (ထိုင်းနိုင်ငံ)သို့ သွားရောက် လုပ်ကိုင် လေ့ရှိသည်။ လုပ်အားခများကို ကျေးရွာတွင် ကျန်ခဲ့သော မိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှု နောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုး ချေးသူများထံမှ ချေးယူ၍ စားဝတ်နေရေး ကို ဖြေရှင်းကြ ရသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေရရှိနိုင်သော နေရာများမှာ အသင့်အတင့်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမား များသည် အပေါင်ခံပစ္စည်းပုံစံ(၇) ဖြင့် ထုတ်ချေးနိုင်ပါသည်။ ထို့အပြင် သမဝါယမ ချေးငွေလည်းရှိပြီး ကာလတိုချေးငွေဖြင့် အတိုးနှုန်း(၂%)နှုန်းဖြင့် အပေါင်ခံပစ္စည်းမပါဘဲ ထုတ်ချေးနိုင်ပါသည်။ ၎င်းအပြင် My Future ကုမ္ပဏီမှ အဖွဲ့လိုက်ငွေချေးအစီအစဉ်ဖြင့် အတိုးနှုန်း (၁.၁၇%) ကျပ်နှုန်းဖြင့် တစ်လတစ်ကြိမ် အတိုးနှင့်အရင်းပေါင်းပြီး ပြန်လည် ပေးဆပ်ရပါသည်။ ငွေချေးပေးသူ၊ မိတ်ဆွေနှင့် ဆွေမျိုးများမှလည်း ချေးငွေ ရရှိနိုင်ပြီး အတိုးနှုန်းမှာ (၄မှ၅%) အကြားဖြစ်ပါသည်။ အတိုးနှုန်းများသဖြင့် အရေးပေါ်ကိစ္စများ ကြုံတွေ့လာမှသာ ထုတ်ချေးကြပြီး ချေးငွေရရှိရန် ခက်ခဲပါသည်။ ထို့အပြင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ၊ မွေးမြူရေး လုပ်ကိုင်လိုသူများ၊ အရောင်း အဝယ်လုပ်ငန်း ဆောင်ရွက် လိုသူများ၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဆောင် ရွက်လိုသူများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးနေသော မြစိမ်းရောင် စီမံကိန်းလည်းရှိသဖြင့် ငွေကြေးလက်လှမ်းမီ မှုများနှင့် ပတ်သက်၍ အသင့်အတင့် အဆင် ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ရွာတွင်းလမ်း(၅)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ လမ်း များ သည် နွေရာသီတွင် အသင့်အတင့် အသုံးပြုနိုင်သော်လည်း မိုးရာသီတွင် ချောင်းမြောင်း တိမ်ကောသဖြင့် လမ်းပေါ်သို့ လမ်းပေါ်တွင် ရေကျော်ခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကို နှစ်စဉ် ကြုံတွေ့ ရပါသည်။ ကျေးရွာသူ/ သားများ သည် မိုးရာသီတွင် တစ်နှစ်လျှင်(၂)ကြိမ်လမ်း ပြုပြင်ကြသော်လည်း ထိရောက်မှု နည်းပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်မည်ဆိုပါက ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး လူနေမှုအဆင့်အတင့် မြင့်မားလာမည်ဖြစ်ပါသည်။ ထို့အပြင် သုသာန်

သွားလမ်းမှာ (၁၆၃၀'×၁၄')ရှိပြီး မိုးရာသီတွင် ဗွက်ထခြင်း ကြောင့် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိပါသည်။ ကျေးရွာရှိ လူငယ် များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ/သားများသည် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တစ်နှစ်လျှင် (၁)ကြိမ် လုပ်အား၊ ငွေအားများဖြင့် အားတက်သရော ပူးပေါင်းပါဝင်ကြပါသည်။ လေးသွန်းခံ– ကထောင်းနီ ကျေးရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး( ၉၆၀၀'×၁၂'×၈")ရှိပြီး ၂၀၁၈ပ(၆)လတွင် ကျေး လက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပြီး အရည်အသွေးကောင်းမွန်ပါသည်။ ကျေးရွာရှိ ရွာအရှေ့တံတားမှာ (၁၈'×၁၄'×၆')ရှိပြီး ၂၀၁၃ခုနှစ်တွင် နယ်စပ်ရေးရာ ဝန်ကြီး ဌာနမှ ဆောင်ရွက် ထားသော တံတားဖြစ်ပါသည်။ ထို့အပြင် ကထောင်းနီ– ကညုံကျွန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားမှာ (၁၈'×၁၄'×၆')ရှိပြီး လမ်းမှာ တိုးချဲ့ လိုက်သဖြင့် တံတားမှာကျဉ်းမြောင်းနေပါသည်။ ထို့အပြင် ထိုတံတား၏ အခင်းမှာ သစ်မြောင်းဖြင့် ခင်းထားသဖြင့် အန္တရာယ်ရှိပါသည်။ ထိုတံတားအား (၂၀'×၂၄'×၁၀')သို့ ပြန်လည်တိုးချဲ့ပြီး ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ကထောင်းနီကျေးရွာတွင် မြစ်ကြောင်း အား ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန်သာ အသုံးပြုပြီး တစ်နှစ်ပတ်လုံး အသုံးပြုပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ ကျောင်းသို့သွားလာရာတွင် လည်းကောင်း၊ ဈေးသို့သွား ရာတွင် လည်းကောင်း အသုံးပြုကြပါသည်။ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာ ရေး ကိစ္စ၊ စီးပွားရေး ကိစ္စတွင် အသုံးပြုကြပြီး အိမ်တိုင်း နီးပါးရှိကာ (၁၀၇)စီး ရှိပါသည်။ သုံးဘီးဆိုင်ကယ်(၄)စီး နှင့် ကား(၈)စီးမှာ ရွာ၏ သယ်ယူပို့ဆောင်ရေးကို အဓိကထား ဆောင်ရွက်ပါသည်။ ၎င်းအပြင် ကားကို ထိုင်းနိုင်ငံသို့ ထီးခီးလမ်းမှ သွားရာ၌ အသုံးပြုပြီး ထိုနိုင်ငံတွင် အလုပ်လုပ်နေကြသော လုပ်သားများ ကျေးရွာသို့အသွားအပြန်လုပ်ရန် အဆင် ပြေပါသည်။ ထို့အပြင် ထော်လာဂျီ(၆)စီးမှာ ကျေးရွာမှထွက်ရှိသော (ဓနိဖက်) ကုန်ပစ္စည်း များ ကို သယ်ယူရာ၌ အသုံးပြုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကထောင်းနီကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာအသေးစား ရေအား လျှပ်စစ်၊ ဓီဝလောင်စာနှင့် လေစွမ်းအင် အသုံးပြုခြင်းမရှိပါ။ EPC မီးလိုင်းမှ တိုင်၊ transformer၊ မီးကြိုးများ တပ်ဆင်ထားပြီးမီး မထုတ်လွှတ်ရသေးသော အခြေအနေ ဖြစ်ပါ သည်။ ထို့အပြင် ကျေးရွာတွင် ဆိုလာသုံးစွဲသူ (၈၄)ဦးရှိပြီး ပြုပြင်ထိန်းသိမ်းရေး စနစ်မှာ လည်း ကောင်းပါသည်။ ထိုဆိုလာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်သော အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းဖြင့် ၂၀၁၆–၂၀၁၇ခု ဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုလက်ရှိတွင် ဆိုလာမရှိသော အိမ်ထောင်စု များသည် ကျေးရွာ ပုဂ္ဂလိကပိုင် ဒီဇယ်သုံး အင်ဂျင်စက်(၂)လုံးမှ လျှပ်စစ်မီးအား တစ်လလျှင်

(၁၀၀၀၀) ကျပ် နှုန်းဖြင့် သုံးစွဲလျက်ရှိ ပါသည်။ လျှပ်စစ်မီး မသုံးစွဲနိုင်သူများသည် ဖယောင်းတိုင်နှင့် ရေနံဆီမီးကို အသုံးပြုကြပြီး အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ထို့ကြောင့် မဟာဓာတ် အား လိုင်းမှာ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ရရှိမည်ဟု ခန့်မှန်းနိုင်ပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများ ရရှိလာမည် ဖြစ်ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကထောင်းနီကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၃၅၇)လုံး ရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ထို့အပြင် ရေဒီယို (၅၁)လုံး ရှိပြီး အလုပ်လုပ်ကိုင်ရင်း ဖွင့်ထားတတ်လေ့ရှိရာ သတင်းအချက်အလက်နှင့် နည်းပညာ များကို နားဆင့်လေ့ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်များ စုံလင်စွာ မရှိပါ။ တီဗွီ (၇၅) လုံးရှိသော်လည်း သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဗဟုသုတများ လေ့လာမှု အားနည်းသည့်အတွက် စာပေဟောပြောပွဲများ၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ကျေးရွာရှိ လူငယ်အများစုသည် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်သောကြောင့် သတင်းအချက်နှင့် နည်းပညာများအား Viber & Messager တို့ဖြင့်သာ ရယူလေ့ရှိကြောင်း လေ့လာတွေ့ရှိပါသည်။

**၆။ ပညာရေး**

ကျွန်ုပ်တို့ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ ကျောင်း မှာ ရွာအဝင်တွင်ရှိသဖြင့် ခြေလျင်၊စက်ဘီးများဖြင့် သွားလာနိုင်ပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှု ရှိပါသည်။ ကျောင်းတွင် ကျောင်းသား(၄၆)ဦးနှင့် ကျောင်းသူ( ၅၁)စုစုပေါင်း (၉၇)ဦးရှိပြီး မူလတန်းကျောင်း၏ ကျောင်းခင်းဧရိယာမှာ (၆၀’×၃၀’)ရှိကာ အရည်အသွေး ညံ့ဖျင်းပါသည်။ ကျောင်းဆောင် မှာ ၁၉၉၄ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်သည့်ခုနှစ်မှာ (၂၅)နှစ်ခန့် ရှိနေပြီ ဖြစ်ပါသဖြင့် နံရံ၊ ကြမ်းခင်းနှင့် အမိုးများ အက်ကွဲနေပါသည်။ ထို့ကြောင့် ထိုကျောင်း အဆောက် အအုံအား အန္တရာယ်ဆောင်အဖြစ် သတ်မှတ်ကာ ကျောင်းသူ/သားများသည် ကျောင်းအဝင်းအတွင်း ယာယီအဆောက်အဦဖြင့် နေရပါသည်။ အဆိုပါ အဆောက် အအုံမှာ နွေရာသီတွင် အဆင်ပြေမှု ရှိသော်လည်း အကာအဆီးများ မရှိသောကြောင့် လေပြင်းများတိုက်ခတ်ပါက အမိုးများလန်ခြင်း၊ မိုးရေများစိုစွတ်ခြင်းတို့ကြောင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခက်အခဲများစွာ ရှိနေပါသည်။ ထို့ကြောင့် ထိုသို့သော အခက်အခဲများကြောင့် ကျောင်းအဆောက်အအုံအသစ် ဆောက်လုပ်ရန် ပညာရေးဌာနသို့ တင်ပြထားသည်မှာလည်း ကြာမြင့်နေပြီဖြစ်ပါသည်။ ထို အခက် အခဲ များ

အား ဖြေရှင်းရန် (၆၀’×၃၀’×၁၂’)ရှိသော ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် လိုအပ်နေပါသည်။၎င်းအပြင် ကျောင်းသားဦးရေ များပြားလာသဖြင့် ကျောင်းသုံး ပရိဘောဂများ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပြီး အာဟာရ တိုက်ကျွေးမှုလည်းရှိပါသည်။ မူလတန်းကျောင်းတွင် အစိုးရခန့် ဆရာမ (၆)ဦး ရှိပြီး(၄)ဦးမှာ ဒေသခံများ ဖြစ်ကြပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာရေးကို ရေဖြူ ကျေးရွာ ကျောင်း အများအားဖြင့် တက်ရောက်ကြပြီး ကားဖြင့် အကြိုအပို့ပြုလုပ်ပါသည်။ ကားခမှာ(၁)လျှင် (၁၀၀၀၀)ကျပ်ပေးရပြီး ပညာသင်ကြားနေသူ(၄၀)ဦး ခန့်ရှိပါသည်။ ငွေကြေး မတတ်နိုင်သူများသည် ပညာရေး တစ်ပိုင်း တစ်စဖြင့် ကျောင်းထွက်ကြပြီး မိဘ၏ လုပ်ငန်းများဖြစ်သော လယ်ယာလုပ်ငန်း၊ ဓနိလုပ်ငန်း တို့ကိုသာ လုပ်ကိုင်ကြပါသည်။ သို့မဟုတ်လျှင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကို သွားကြကာ ကျပန်း အလုပ်သမား များဖြစ်သွား တတ်ကြပါသည်။ ကျောင်း၏ အိမ်သာအခြေအနေမှာ (၂)ခန်းတွဲ (၂)လုံးနှင့် (၃)ခန်းတွဲ(၁)လုံးရှိပြီး (၂)ခန်းတွဲ (၁)လုံးမှာ ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းတွင် သောက်သုံးရေအား ကျေးရွာမှ ပိုက်လိုင်းဖြင့် သွယ်တန်းပေးထားပြီး အဆင်ပြေမှုရှိပါသည်။ ကျောင်းတွင် အားကစား ပြုလုပ်ရန် အားကစား ကွင်း သီးသန့်မရှိပါ။ နွေရာသီတွင် ကျောင်းနံဘေးရှိ လယ်ကွင်းများတွင် ကစားကြပါသည်။မူကြိုကျောင်းမှာ World Vision အဖွဲ့မှ ထောက်ပံ့ပေးထားပြီး (၄၀’×၃၀’×၁၂’)ရှိပါသည်။ မူကြိုကျောင်း၏ ကြမ်းခံမှာ ပြိုကျနေသဖြင့် ပြန်လည်ပြုပြင်ရန် လိုအပ် နေပါသည်။ ပညာရေးစနစ်ပြောင်းလဲလာသဖြင့် KG ကလေးများအတွက်ကစားစရာများလည်း ဖြည့်ဆည်းရန်လိုအပ်နေပါသည်။ ကထဓာင်းနီကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်–ဆရာ အချိုးမှာ ၁၇: ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ထို့အပြင် မသန်စွမ်းသူများအား ပညာရေး အထူး စီအစဉ်ဖြင့် စီမံထားခြင်းမျိုးမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း လုံ လောက်မှု မရှိသည့်အပြင် ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်ထောက်ပံ့မှုလည်း သီးသန့် မရှိပါ။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင် သာ ကစားရပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများမှာ မရှိသလောက်နည်းပါးပါသည်။ မိဘ ဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှုအား ကောင်းပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်း ကျောင်းတက် နှုန်းမှာ အသင့်အတင့်ရှိသော်လည်း အထက်တန်း နှင့် ကောလိပ်တတ်သူဦးရေမှာ နည်းပါးပါသည်။ အဓိက အကြောင်းအရင်း အနေဖြင့် ငွေကြေး မတတ်နိုင်ခြင်း၊ ပညာရေးအသိအမြင်နည်းပါးခြင်းတို့ကြောင်း ပညာကို အဆုံးတိုင် မတက်ရောက်နိုင်ခြင်း၊ ကျေးရွာတွင် ကျပန်း အလုပ်သမားများ(သို့) နိုင်ငံခြား တိုင်းပြည် များသို့ စီးပွားရှာရန် ထွက်သွားရခြင်းတို့ကြောင့် ကျောင်းသားဦးရေ လျော့နည်းရခြင်း ဖြစ်

ပါသည်။

## ၇။ ကျန်းမာရေး

ကထောင်းနီကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးလက် ကျန်းမာရေး ဌာနခွဲ မရှိပါ။ (၂)မိုင်ခန့်ကွာဝေးသော လေးသွန်းကျေးရွာကျန်းမာရေးဌာနခွဲတွင် ဆေးကုသမှု ခံယူကြပါသည်။ ထို့အပြင် ကျေးရွာတွင် ကျန်းမာရေးဆရာမ (အရန်သားဖွား) တစ်ဦးရှိပြီး ရွာခံဖြစ်ကာ ဝန်ဆောင်မှုရရှိရန် ခက်ခဲပါသည်။ထို့ကြောင့် ကျေးရွာသူ/သားများသည် အများအားဖြင့် လောင်းလုံးမြို့ရှိဆေးပေးခန်းကိုသာ သွားရောက်ကုသမှုခံကြပါသည်။ မြို့နယ်ရှိ ဆေးပေးခန်းသည် ကျေးရွာမှ (၁၀)မိုင်ခန့်ဝေးပြီး ဆိုင်ကယ်ငှါးရမ်းခ အသွားအပြန်(၃၀၀၀-၄၀၀၀)ကျပ်အထိ ပေးရပါသည်။ အရေးကြီးပါက ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးတွင် ကုသမှု ခံယူကြပါသည်။ထားဝယ် မြို့ ပြည်သူ့ဆေးရုံကြီးသည် ကျေးရွာမှ (၂၀)မိုင်ခန့် ကွာဝေးကာ ဆရာမများလည်း နွေးထွေးစွာ ဆက်ဆံသဖြင့် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် ကျေးရွာတွင် အရေးပေါ်ကား (၁)စီးရှိပြီး နာရေးကူညီမှု အသင်းလည်းရှိသဖြင့် အရေးကြီးသည့် ကိစ္စရပ်များ ဆောင်ရွက်ပါက အဆင်ပြေမှု ရှိပါသည်။ ညပိုင်းကျန်းမာရေး ဝန်ဆောင် မှုများ ရရှိရန် ခက်ခဲသဖြင့် ကျန်းမာရေး ဆရာမလိုအပ်ကြောင်းနှင့် ဆေးပေးခန်းဆောက် လုပ်ပါက ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။ ကျေးရွာ၏ အဖြစ်များသောရောဂါများမှာ နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ဖြစ်ကြပါသည်။ မိုးရာသီတွင် ကလေးငယ် များ သွေးလွန်တုတ် ကွေးရောဂါ အဖြစ်များပြီး အသက်ဆုံးရှုံးမှုများမရှိပါ။ နှလုံးရောဂါ၊ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ လေးဖက်နာရောဂါ၊ တီဘီနှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွား ကြပါသည်။ ထူးခြားမှုအနေဖြင့် ယခုနှစ်တွင် ဆစ်တုတ်ကွေးရောဂါမှာ တစ်ရွာလုံး နီးပါးဖြစ်ပွားခဲ့ပြီး ရောဂါအခြေအနေမှာ ဆိုးရွားကြ ပါသည်။ ကထောင်းနီ ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေး ထိုးမှုမှာ အဆုတ်ရောဂါ၊ ဆံ့ဆို့၊ ကြက်ညှာရောဂါများမှ တစ်ပါး ကျန်ရောဂါများအတွက် ကာကွယ်ဆေးထိုးနှံမှု ရှိပါသည်။ ကာကွယ်ဆေးကို လေးသွန်းခံ ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် ထိုးနှံရပါသည်။ ကိုယ်ဝန်ဆောင်များ အတွက် မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း၊ သံဓာတ်အားဆေးများကျွေးခြင်း၊ သွေးစစ်ခြင်း စသည် တို့အား လိုအပ်သလို ပြုစုစောင့်ရှောက်ပေးလျက် ရှိသောကြောင့် အဆင်ပြေမှုရှိပါသည်။ ကလေးများအတွက် ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ များအတွက်၊ စုပေါင်း ကာကွယ်ဆေးထိုး နှံမှုများလည်း ရှိပါသည်။ World Vision အဖွဲ့မှ အာဟာရ မှတ်တမ်းယူမှုကို တစ်လလျှင် တစ်ကြိမ် ပြုလုပ်ပေးပြီး ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ကျေးရွာတွင် သန့်ရှင်းသော ယင်လုံ

အိမ်သာသုံးစွဲမှုမှာ (၉၅)စုရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုမှာ (၁၂)စုရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများသည် ဆီပေပါများကို ဝယ်ယူ ပြီး အသုံးပြုကြပါသည်။ ယခုနှစ်တွင် World Vision အဖွဲ့မှ အိမ်သာ အခက်အခဲရှိသော မိသားစုများအတွက် ယင်လုံအိမ်သာများကို ဆောက်လုပ်ပေးပါသည်။ အချို့မှာ မြေနေရာ မရှိသဖြင့် ဆောက်လုပ်နိုင်ခြင်း မရှိပါ။

ကထောင်းနီကျေးရွာတွင် မြေသားရေကန် (၂)ကန်ရှိပါသည်။ တစ်ကန်မှာ World Visionမှ လှူဒါန်းထားပြီး နောက်တစ်ကန်မှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တူးဖော်ထားခြင်း ဖြစ်ပါသည်။ ထိုရေကန်မှ ရေအား စင်မြင့် ရေစင်ပေါ်သို့တင်ကာ ကျေးရွာသို့ ရေဖြန့်ဖြူးလျက်ရှိပါသည်။ ထိုစင်မြင့်ရေကန်မှာ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်က ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ရေကန်ဖြစ်ပါသည်။ ထို့အပြင် လေးသွန်းခံကျေးရွာ လက်တူးတွင်းမှလည်း ပိုက်လိုင်းသွယ်တန်းထားပြီး ရေမီတာစနစ်ဖြင့် (၁)ယူနစ်လျှင်(၅၀၀)ကျပ်နှုန်း ဖြင့် အသုံးပြုသူ အိမ်ထောင်စု အနည်းငယ်လည်းရှိပါသည်။ ထိုရေအရင်းအမြစ်များမှာ မိုးရာသီ နှင့် ဆောင်းရာသီတွင် လုံလောက်စွာ အသုံးပြုနိုင်သော်လည်း တပေါင်း၊ တန်ခူး၊ ကဆုန်လ စသည့် နွေရာသီရောက်လျှင် ရေများခန်းခြောက်သွားပါသဖြင့် သောက်သုံးရေအတွက် အခက်အခဲများစွာ ရှိပါသည်။ ထို့ကြောင့် အခြားရွာများမှ ရေအလှူရှင်များ၊ သက်ဆိုင်ရာဌာနများမှ ရေအလှူများအား မျှော်နေရပါသည်။ သို့မဟုတ်ခဲ့လျှင် (၂၀)ဂါလံဝင်ရေပုံး (၁)ပုံးအား (၁၅၀၀)ကျပ်နှုန်းဖြင့် ဝယ်သုံး ရပါသည်။ သို့ဖြစ်ပါ၍ World Vision မှ လှူဒါန်းထားသော ရေကန်အား တိုးချဲ့ပြီး လေးသွန်းခံကျေးရွာရှိ လက်တူးတွင်းအား ပြန်လည်ပြုပြင်မည်ဆိုပါက ကျေးရွာတွင် သောက်သုံးရေများ ရာသီမရွေး လုံလောက်စွာ အသုံးပြုလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ရေရရှိရေး လုပ်ငန်း များ ဆောင်ရွက်ပေးနေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနနှင့် ချိတ်ဆက် ပြီး ဆောင်ရွက်ရန်လိုအပ်နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကထောင်းနီကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုမှုများအနေဖြင့် ဆားငန် ရေဝင်ရောက်မှု၊ တီဘီရောဂါ၊ ကိုယ်ခံအား ကျဆင်းမှုရောဂါတို့မှာ အနည်းငယ် ဖြစ်ပွားတတ် ပြီး ထိခိုက်လွယ်မှုနိမ့်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ချော့မွေ့သဖြင့် အခက်အခဲ မရှိပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကထောင်းနီကျေးရွာတွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုများ အနေဖြင့် မိုးရာသီတွင် ရေငန်များဝင်ရောက် တတ်သဖြင့် မြေဆီလွှာပျက်စီးပြီး အန္တရာယ် အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အပင်မျိုးစိတ်များ အန္တရာယ်ရှိမှုမှာ အနည်းငယ်သာ ရှိပါသည်။ ပင်လယ်နံဘေးတွင် ရှိသော ကျေးရွာဖြစ်သဖြင့် လက်တူးတွင်း

များ တူးဖော်ရန် ခက်ခဲပြီး ရေအရင်းအမြစ်ရှားပါးသည့်အတွက် အန္တရာယ်ရှိပါသည်။ အခြား တိရစ္ဆာန် မျိုးကွဲ များမှာ အန္တရာယ် မရှိကြပါ။ ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်နိုင်မှုနှင့် ငါးမျိုးကွဲများနှင့် ပတ်သက်၍ အခက်အခဲအနည်းငယ်ရှိပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမှိုက်ပစ်ရန် နေရာသတ်မှတ်ထားပြီး ရွာသူ/သားများ ထိုနေရာတွင် အမှိုက်ပစ်ကာ မီးရှို့ပစ်ပါသည်။ ထို့ကြောင့် ထိုအမှိုက်ပစ်နေရာအား စနစ်တကျ ဖြစ်စေရေးအတွက် အမှိုက်ကျင်းတူးရန် လိုအပ်ကြောင်းနှင့် မြေနေရာလည်း ရှိပါသည်။ ထို့ကြောင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအား စနစ်တကျစီမံ ဆောင်ရွက်မည် ဆိုပါက ကျေးရွာ သန့်ရှင်းပြီး ရောဂါကင်း လာမည် ဖြစ်ပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကထောင်းနီကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုတို့ရှိပါသည်။ ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး နှင့် ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြပါသည်။ ပညာရေးနှင့် စာတတ်မြောက်မှုနှုန်းတွင် အမျိုးသမီးဦးရေက အမျိုးသား ဦးရေထက် အနည်းငယ်ပိုများသလို ကျောင်းတက်နှုန်းမှာလည်း ပိုများသဖြင့် ကျေးရွာ၏ ပညာရေး ကဏ္ဍတွင် အမျိုးသမီးက အခွင့်အရေး ပိုသာနေပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်များမှာ နိုင်ငံခြားသို့ သွားလာကြ သူများ များပြားပါသည်။ ကျေးရွာရှိ အားကစား ကွင်းမှာ ပျက်စီးနေပြီး ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်ရှိနေသဖြင့် မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ပတ်သက်၍ အသိပညာ ဟောပြောပွဲများ ဆောင်ရွက်ရန်နှင့် သုံးစွဲမှုလျှော့ချရေးအတွက် အားကစား ကွင်းအား ပြုပြင်ရန်လိုအပ်နေပါသည်။ အားကစားကွင်းအား ပြန်လည်ပြုပြင်မည်ဆိုပါက အားကစား စိတ်ဓာတ်မြင့်မားလာကာ ဆေးဝါးသုံးစွဲမှု လျှော့နည်းလာမည်ဖြစ်ပါသည်။ ကထောင်းနီကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ တူညီလုနီးပါးရှိပြီး ကျား/မဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှု အနည်းငယ်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် အများစု အသိအမြင်ရှိမှုမှာ နည်းပါးပါသည်။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေး ဟောပြောပွဲများ လိုအပ် နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ကထောင်းနီ | | | ကျေးရွာအမည် – ကထောင်းနီ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်း(၁၀၀’×၁၂၆’_၅’) | ပထမဦးစားပေး |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | သုသာန်သွားလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၁၆၃၀’×၁၂’×၆”) | တတိယဦးစားပေး |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | လက်တူးတွင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်း( ၁၈’φ×၄၀’) | ဒုတိယဦးစားပေး |
| ၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၃၂၉၀’×၁၂’×၆”) | ဦးစားပေး–၉ |
| ၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကွန်ကရစ် တံတားတည်ဆောက်ခြင်း (၂၄’×၂၀’×၁၀’) | ဦးစားပေး–၁၃ |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျေးရွာမူကြိုကျောင်း ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်း (၄၀’×၃၀’) | ဦးစားပေး–၄ |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအဆောက်အဦဆောက်လုပ်ခြင်း(၉၀’×၃၀’) | ဦးစားပေး–၇ |
| ၈ | စိုက်ပျိုးရေး | နည်းပညာ | ဆည်မြောင်းတူးဖော်ခြင်းလုပ်ငန်း(၁၀၀၀၀’×၂၆’×၆’) | ဦးစားပေး–၁၁ |
| ၉ | စိုက်ပျိုးရေး | နည်းပညာ | လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း | ဦးစားပေး–၁၆ |
| ၁၀ | မွေးမြူရေးနှင့် ငါးလုပ်ငန်း | နည်းပညာ | မွေးမြူရေးဆိုင်ရာသင်တန်းများပြုလုပ်ခြင်း | ဦးစားပေး–၁၇ |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ဈေးအဆောက်အအုံ အမိုးမိုးခြင်းလုပ်ငန်း | ဦးစားပေး–၁၄ |
| ၁၂ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး၊ ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျန်းမာရေးဆရာမလိုအပ်ခြင်း | ဦးစားပေး–၁၂ |

| ကျေးရွာအုပ်စုအမည် – ကထောင်းနီ | | | ကျေးရွာအမည် – ကထောင်းနီ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၃ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး၊ ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်း | ဦးစားပေး–၅ |
| ၁၄ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး၊ ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျေးရွာစွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ခြင်း | ဦးစားပေး–၆ |
| ၁၅ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာ အားကစားကွင်း ပြုလုပ်ခြင်း(၅၀၀'×၂၅၀') | ဦးစားပေး–၁၀ |
| ၁၆ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း(စက်ပြင်၊ ဖုန်းပြင်၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်) | ဦးစားပေး–၁၅ |
| ၁၇ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | စာအုပ်သစ်များ ဖြည့်ဆည်းခြင်းနှင့် စီမံခန့်ခွဲမှုများပြုလုပ်ပြီး အလှည့်ကျတာဝန်ပေးအပ်ခြင်း | ဦးစားပေး–၈ |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

## ကထောင်းနီကျေးရွာ၊ ကထောင်းနီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်လွင် | ဦးဘသန်း | ၆/လလန(နိုင်)၀၉၄၁၃၇ | ၃၅ | နာယက | ၀၉-၄၀၁၇၅၆၅၇၂ |
| ၂ | ဦးစိုးမြင့် | ဦးမြမောင် | ၆/လလန(နိုင်)၀၁၈၁၉၅ | ၅၈ | နာယက | - |
| ၃ | ဒေါ်လှဝင်း | ဦးလှုဖြေ | ၆/လလန(နိုင်)၀၃၂၈၀၁ | ၆၆ | နာယက | - |
| | | | | | | |
| ၁ | ဦးငွေဝင်း | ဦးလှုဖြေ | ၆/လလန(နိုင်)၀၃၂၈၀၅ | ၅၆ | ဥက္ကဌ | ၀၉ ၄၂၂၂၁၀၁၇၅ |
| ၂ | ဦးစိန်သန်း | ဦးအုန်းညွန့် | ၆/လလန(နိုင်)၀၃၂၉၈၂ | ၄၄ | အတွင်းရေးမှူး | ၀၉ ၄၅၀၉၉၄၈၂၈ |
| ၃ | ဒေါ်တူးမာပြုံး | ဦးလှရွှေ | ၆/လလန(နိုင်)၀၈၃၃၉၉ | ၄၁ | ဘဏ္ဍာရေးမှူး | ၀၉ ၂၅၉၇၆၃၆၂၆ |
| ၄ | ဦးမျိုးစည်သူ | ဦးအောင်ဝင်း | ၆/လလန(နိုင်)၁၂၅၀၁၄ | ၂၂ | စာရင်းကိုင် | ၀၉ ၄၄၁၃၃၉၉၂၃ |
| ၅ | ဦးလှကြိုင် | ဦးအောင်မြ | ၆/လလန(နိုင်)၀၆၇၉၉၇ | ၅၅ | အဖွဲ့ဝင် | ၀၉ ၂၅၀၇၇၀၆၆၁ |
| ၆ | ဦးကြည်ရှိန် | ဦးလှရွှေ | ၆/လလန(နိုင်)၀၃၂၈၁၀ | ၆၅ | အဖွဲ့ဝင် | - |
| ၇ | ဦးထွန်းညွန့် | ဦးလှုထင် | ၆/လလန(နိုင်)၀၅၇၉၈၂ | ၇၈ | အဖွဲ့ဝင် | - |

+

နောက်ဆက်တွဲ (၂)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၁၂ | ၁၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄၂ | ၂၉ | ၇၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၅၅ | ၉၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၅ | ၂၈ | ၆၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၆ | ၂၈၄ | ၅၅၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၃၀ | ၅၄ |
| **စုစုပေါင်း** | | **၄၁၁** | **၄၃၈** | **၈၄၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၀၇ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်နီကျေးရွာတွင် အိမ်ထောင်စု(၁၀၇)စုရှိပြီး လူဦးရေ(၂၇၄၂)ဦး ရှိပါသည်။ အမျိုးသားဦးရေမှာ (၄၁၁)ဦးရှိပြီး အမျိုးသမီးဦးရေမှာ (၄၃၈)ဦးရှိသည့်အတွက် ကျား၊ မ အချိုးအစားနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးဦးရေက အနည်းငယ်ပိုများပါသည်။ တစ်နှစ်အောက် နို့စို့ အရွယ်များ နည်းပါးပြီး ကျေးရွာရှိ လူဦးရေစုစုပေါင်း၏((၂%)သာရှိပါသည်။ အိမ်ထောင်သည်များ၏ သားဆက်ခြားဆိုင်ရာ အသိပညာတိုးတက်လာမှုရှိသည်ဟု ဆိုနိုင်ပါသည်။ ၅ နှစ်အောက်ကလေးငယ် များသည် လူဦးရေစုစုပေါင်း၏ (၆.၉၈%)၊ မူလတန်းကျောင်းသားအရွယ် (၁၁%)၊ အလယ်တန်း ကျောင်းသား အရွယ် (၇.၄၄%)၊အလုပ်လုပ် နိုင်သည့်အရွယ် (၆၄.၇၈%)၊ သက်ကြီးရွယ်ကြီးအရွယ် (၆.၃%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၅)%ခန့်ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၆၆)ဦး၊ မ(၂၈၄)ဦး စုစုပေါင်း(၅၅၀)ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၆၅.၀၀)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၄ | ၈၈ | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၃၀ | ၃၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၄ | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၁၇ | မြင့် ☐ လတ်☑ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇ | ၂၇ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၃ | မြင့် ☐ လတ်☑ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၅ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၈ | ၈ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | – | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၉ | ၅၁ | ၅၂ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၀၇ | ၉၁၈ | ၁၃၅ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**" အရေအတွက်တွင် "**မိသားစုဝင်လုပ်အား**" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –"**စိုက်ပျိုးရေး**" ကဏ္ဍ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာတွင် လယ်ယာစိုက်ပျိုးလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပြီး အိမ်ထောင်စု(၅၆)စုရှိကာ လူဦးရေ(၁၁၈)ဦးရှိပါသည်။ ထို့အပြင် အဓိကဝင်ငွေလုပ်ငန်း မဟုတ်ဘဲ တွဲဖက်လုပ်ကိုင်သူ(၃၄)ဦးရှိပြီး ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့် ရှိကြပါသည်။ ကျေးရွာတွင် ဒုတိယဝင်ငွေရလုပ်ငန်း အမျိုး အစားမှာ ဓနိလုပ်ငန်းဖြစ်ပြီး ဓနိအပင်များမှ ဓနိဖက်၊ ပျား၊ ပအုံးရည်များကို ထုတ်လုပ်ကာ လုပ်ကိုင်သူ (၃၃)ဦး ရှိပါသည်။ ထိုအပြင် ရေလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်လည်းရှိပြီး ဝင်ငွေရပ်တည်နိုင်မှုမှာ နိမ့်ပါသည်။ ၎င်းအပြင် ဆောက်လုပ်ရေး လုပ်သား(၅)ဦး၊ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ(၂)ဦး၊ အစ်ချုပ်သူ(၃)ဦး၊ ပညာရေးဝန်ထမ်း(၁)ဦးနှင့် မီးလင်းရေးလုပ်ငန်းလုပ်ကိုင်သူ(၁)ဦး လည်းရှိပါသည်။ အဆိုပါ လုပ်ငန်းများ၏ ဝင်ငွေ ရပ်တည်မှုမှာ နည်းပါးပြီး အများအားဖြင့် နိုင်ငံခြား(ထိုင်း၊မလေးရှား)နိုင်ငံတို့မှ ပို့ငွေများကိုသာ မှီခိုနေရပါသည်။ ကျေးရွာတွင် အရောင်းအဝယ်လုပ်ကိုင်သူ(၂၇)ဦးရှိပြီး ဝင်ငွေ ရပ်တည်နိုင်မှုမှာ အသင့်အတင့် အဆင်ပြေမှုရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန် လိုအပ်နေပါသည်။

## (ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | – | ၇၅၀၀ | – |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၅၀၀၀ | | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၇၀၀၀ | | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး တစ်နေ့လျှင် အများဆုံးလုပ်အားခနှုန်းထားမှာ အမျိုးသားမှာ (၈၀၀၀–၅၀၀၀) အကြားရှိပြီး အမျိုးသမီး မှာ (၆၀၀၀–၅၀၀၀) အကြားရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေးအလုပ်သမားများမှာ အမျိုးသား များသာ လုပ်ကိုင်ကြပြီး တစ်ရက်လျှင် အများဆုံး (၁၅၀၀၀) ကျပ်မှ အနည်းဆုံး (၇၅၀၀) အထိ ရရှိပါသည်။ လက်လီလက်ကားရောင်းဝယ်မှုများမှာ အများဆုံး (၅၀၀၀) မှ အနည်းဆုံး (၃၀၀၀) အထိ ရရှိပါသည်။ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၇၀၀၀)မှ အနည်းဆုံး (၅၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီ များ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှုနည်းပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၀၁.၁၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၆.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၁၀၃ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၂.၇ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **စုစုပေါင်း** | **၃၂၃.၃၆** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စိုက်ပျိုးမြေဧကမှာ (၃၂၃.၃၆) ဧကရှိပါသည်။ လယ်မြေမှာ (၂၀၁.၁၆) ဧကရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဥယျာဉ်ခြံမြေ(၁၆.၅)နှင့်မြေလွတ်မြေလပ်(၂.၇)ဧကရှိကာမြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်ပါသည်။၎င်းအပြင် ဓနိမြေ (၁၀၃) ဧကမှာ မြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများစွာရှိကြောင်း လေ့လာတွေ့ရှိ ရပါ သည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်မျက် စသည်။) | | |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကထောင်းနီကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ်များ မထွက်ရှိပါ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၈ဧက–၁၂ဧက | ၁၁ဧက–၆ဧက | ၅ဧက–၁ဧက | – |
| အိမ်အခြေအနေ | ၂ထပ်၊သွပ်မိုး၊ အုတ်ကာ၊ သစ်ခင်း | ပျဉ်ထောင်၊ဓနိမိုး၊ သစ်ကာ၊သစ်ခင်း | တစ်ထပ်တိုက်၊ အုတ်ကြမ်းစီ၊ သစ်တိုင်၊ ဓနိမိုး ၊ သစ်အိမ် | ဝါးအိမ်၊ ဓနိမိုး၊ ဓနိကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ကား၊ ခြွေလှိမ့်စက် | မြက်ရိတ်စက်၊ခြွေ လှိမ့်စက်၊ထွန်စက်၊ ကား ၊ထော်လာဂျီ | ဆိုင်ကယ် | – |
| အဓိကစီးပွားရေး လုပ်ငန်း | နိုင်ငံခြားဝင်ငွေ | လယ်၊ အရောင်းအဝယ် | ဓနိ/ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | ၁၀ | ၄၀ | ၃၂ | ၂၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာအနေဖြင့် အဆင်ပြေသော အိမ်ထောင်စုတွင် လယ် မြေ (၁၈–၁၂) ဧက အထိပိုင်ဆိုင်သူများ၊ အချို့မှာ လယ်ယာမြေများမရှိဘဲ နိုင်ငံခြားမှပို့သောဝင်ငွေဖြင့် စီးပွားရှာကာ အိမ်အခြေအနေမှာ နှစ်ထပ်အိမ်များဖြစ်ကြပါသည်။ အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုများမှာ (၄၀) ခန့် ရှိပြီး၊ ယေဘုယျအားဖြင့်ခြွေလှိမ့်စက်၊ ထော်လာဂျီ၊ ခနိမြေ ဧက အနည်း ငယ်ပို င်ဆိုင်သူများ ဖြစ်ကြသည်။အိမ်အခြေအနေမှာ (၁)ထပ်အိမ်များ ဖြစ်ကြပြီး၊ မိသားစု အများစုမှာ လယ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ပူးတွဲ ဆောင်ရွက် နေသူများဖြစ်ကြသည်။ မပြေလည် သော အိမ်ထောင်စုများမှာ ကျေးရွာ အိမ်ထောင်စု၏ (၃၀%) ဖြစ်ပြီး၊ ဆိုင်ကယ် (၁) စီးပိုင်ဆိုင်၍ အိမ်အနေအထားမှာ ပျဉ်ကာများဖြစ်ကြပြီး အချို့မှာ ဆိုင်ကယ်မပိုင်ဆိုင်သော အိမ်များ လည်းရှိပါသည်။ ကျေးရွာအိမ်ထောင်စု၏(၂၅)စုသည်အလွန် မပြေလည်သော အိမ်ထောင်စုများ ဖြစ်ပြီး မြေယာမဲ့များ ဖြစ်ကြသည်။ ထိုသူများ၏ အိမ်အခြေအနေမှာ ဝါးတိုင်၊ ခနိမိုး၊ ခနိကာများနှင့် ဆင်းရဲစွာ နေထိုင် ရပြီး ကျပန်းလုပ်သားများ ဖြစ်ကြသည်။

## (င) ထိခိုက်လွယ်မှု

### (င–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဠစွာ ခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။**

## (၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကထောင်းနီကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် သက်ကြီးရွယ်အိုနှင့် မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ။ ။ ဆင်းရဲ၍ မိသားစု ဦးရေ များသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁)စုရှိပြီး သမီး(၁)ဦးရှိသော်လည်း ကြည့်ရှုစောင့်ရှောက်ခြင်းမရှိပါ။ ကျန်းမာရေးလည်း မကောင်းသဖြင့် ကျေးရွာမှ စောင့်ရှောက်ထားပါသည်။ ထို့အပြင် မုဆိုးဖိုညီအစ်ကို(၂)ဦးရှိပြီး လေဖြတ်ထားသဖြင့် ကျန်းမာရေးမကောင်းပါ။ ၎င်းတို့ပိုင်ဆိုင်သော လယ်ယာများအား ငှါးရမ်း ထားပြီး ထိုမှ ရရှိသော အခကြေးငွေဖြင့် စားသောက်နေပါသည်။ ကျေးရွာတွင် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင် လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စုများမရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
ဥပမာ – ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာသင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ – ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်းရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝမတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးနှင့် စာပေတတ်မြောက်မှုကို လေ့လာပါက စာမတတ်သူဦးရေ(၅၇)ဦးရှိပါသည်။ စာမတတ်သူများတွင် (၆၅)နှစ်ထက် သက်ကြီး ရွယ်အို များ များပြားပါသည်။ ထို့အပြင် မူလတန်းအဆင့်ရှိသူ (၅၈၄)ဦး၊ အလယ်တန်း အဆင့်ရှိသူ (၁၃၉)ဦး၊ အထက်တန်းအဆင့်ရှိသူ (၅၈)ဦး နှင့် တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ(၂၀)ဦးရှိပါသည်။ မူလတန်းအဆင့် တက်မြောက်မှုနှုန်းမှာ ကျေးရွာလူဦးရေ၏ (၆၉%)ရှိပါသည်။ အလယ်တန်းအဆင့် တတ်မြောက်မှု မှာ (၁၆.၃%)ရှိပြီး အထက်တန်းအဆင့်မှာ (၆.၈%)သာရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် လက်လုပ်လက်စား ကျပန်းအလုပ်သမားများ များပြားသဖြင့် မူလတန်း အဆင့်အထိသာ တက်ရောက်သူများပါသည်။ ထို့အပြင် ကျေးရွာတွင် မူလတန်းအဆင့်သာရှိသဖြင့် ငွေကြေး

မတတ်နိုင်သူ များသည် မူလတန်းပညာဖြင့်သာ ပြီးမြောက်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာ၏ ပညာရေးအဆင့်အား တိုးတက်မြင့်မားစေရေးအတွက် ပညာရေးဆိုင်ရာ အသိပညာပေး ဟောပြော ပွဲများ ပြုလုပ်ရန် လိုအပ်နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၄ | ၄၉ | ၁၀၃ |
| အလယ်တန်း | ၁၉ | ၂၁ | ၄၀ |
| အထက်တန်း | ၁၀ | ၁၉ | ၂၉ |
| တက္ကသိုလ်/ကောလိပ် | ၂ | ၅ | ၇ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာရှိ လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေမှာ မူလတန်း ကျား(၅၄)နှင့်မ(၄၉)၊ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသူမှာ ကျား(၁၉)နှင့် မ(၂၁)ဦး၊ အထက်တန်းအဆင့်မှာ ကျား(၁၀)နှင့် မ(၁၉)ဦးရှိပါသည်။ ထို့အပြင် တက္ကသိုလ်တက်နေသူ ဦးရေမှာ ကျား(၂)ဦးနှင့် မ(၅)ဦး ရှိပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်း ကျောင်းတက်နှုန်းမှာ အသင့်အတင့်ရှိသော်လည်း အထက်တန်းနှင့် ကောလိပ်တတ်သူဦးရေမှာ နည်းပါးပါသည်။ အဓိက အကြောင်းအရင်းအနေဖြင့် ငွေကြေးမတတ်နိုင်ခြင်း၊ ပညာရေး အသိအမြင် နည်းပါးခြင်းတို့ကြောင်း ပညာကို အဆုံးတိုင် မတက်ရောက်နိုင်ခြင်း၊ ကျေးရွာတွင် ကျပန်း အလုပ်သမားများ(သို့) နိုင်ငံခြား တိုင်းပြည်များသို့ စီးပွားရှာရန် ထွက်သွားရခြင်းတို့ကြောင့် ကျောင်းသား ဦးရေ လျော့နည်းရခြင်း ဖြစ်ပါသည်။

### (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☑<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၈၀၀ | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ ညံ့☑ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ☑ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | – | ၆ | ၆ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ ကျောင်းမှာ ရွာအဝင်တွင်ရှိသဖြင့် ခြေလျင်၊ စက်ဘီးများဖြင့် သွားလာနိုင်ပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှုရှိပါသည်။ ကျောင်းတွင် ကျောင်းသား(၄၆)ဦးနှင့် ကျောင်းသူ( ၅၁)စုစုပေါင်း(၉၇)ဦးရှိပြီး မူလတန်းကျောင်း၏ ကျောင်းခင်းဧရိယာမှာ (၆၀'×၃၀')ရှိကာ အရည်အသွေး ညံ့ဖျင်းပါသည်။ ကျောင်းဆောင် မှာ ၁၉၉၄ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်သည့်ခုနှစ်မှာ (၂၅)နှစ်ခန့် ရှိနေပြီ ဖြစ်ပါသဖြင့် နံရံ၊ ကြမ်းခင်းနှင့် အမိုးများ အက်ကွဲနေပါသည်။ ထို့ကြောင့် ထိုကျောင်း အဆောက်

အအုံအား အန္တရာယ်ဆောင်အဖြစ် သတ်မှတ်ကာ ကျောင်းသူ/သားများသည် ကျောင်းအဝင်းအတွင်း ယာယီအဆောက်အဦဖြင့် နေရပါသည်။ အဆိုပါအဆောက်အအုံမှာ နွေရာသီတွင် အဆင်ပြေမှု ရှိသော်လည်း အကာအဆီးများ မရှိသောကြောင့် လေပြင်းများတိုက်ခတ်ပါက အမိုးများလန်ခြင်း၊ မိုးရေများစိုစွတ်ခြင်းတို့ကြောင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခက်အခဲများစွာ ရှိနေပါသည်။ ထို့ကြောင့် ထိုသို့သော အခက်အခဲများကြောင့် ကျောင်းအဆောက်အအုံအသစ် ဆောက်လုပ်ရန် ပညာရေးဌာနသို့ တင်ပြထားသည်မှာလည်း ကြာမြင့်နေပြီဖြစ်ပါသည်။ ထို အခက် အခဲ များ အား ဖြေရှင်းရန် (၆၀'×၃၀'×၁၂')ရှိသော ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် လိုအပ်နေပါသည်။ ၎င်းအပြင် ကျောင်းသားဦးရေ များပြားလာ သဖြင့် ကျောင်းသုံးပရိဘောများ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပြီး အာဟာရတိုက် ကျွေးမှုလည်းရှိပါသည်။ မူလတန်းကျောင်းတွင် အစိုးရခန့် ဆရာမ (၆)ဦးရှိပြီး (၄)ဦးမှာ ဒေသခံများ ဖြစ်ကြပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာရေးကို ရေဖြူကျေးရွာကျောင်း အများအားဖြင့် တက်ရောက်ကြပြီး ကားဖြင့် အကြိုအပို့ပြုလုပ်ပါသည်။ ကားခမှာ(၁)လျှင်(၁၀၀၀၀)ကျပ်ပေးရပြီး ပညာသင်ကြားနေသူ(၄၀)ဦး ခန့်ရှိပါသည်။ ငွေကြေးမတတ်နိုင်သူများသည် ပညာရေး တစ်ပိုင်း တစ်စဖြင့် ကျောင်းထွက်ကြပြီး မိဘ၏လုပ်ငန်းများဖြစ်သော လယ်ယာလုပ်ငန်း၊ ခနိလုပ်ငန်း တို့ကိုသာ လုပ်ကိုင်ကြပါသည်။ သို့မဟုတ်လျှင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကို သွားကြကာ ကျပန်း အလုပ်သမားများဖြစ်သွား တတ်ကြပါသည်။ ကျောင်း၏ အိမ်သာအခြေအနေမှာ (၂)ခန်းတွဲ (၂)လုံးနှင့် (၃)ခန်းတွဲ(၁)လုံးရှိပြီး (၂)ခန်းတွဲ (၁)လုံးမှာ ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းတွင် သောက်သုံးရေအား ကျေးရွာမှ ပိုက်လိုင်းဖြင့် သွယ်တန်းပေးထားပြီး အဆင်ပြေမှုရှိပါသည်။ ကျောင်းတွင် အားကစား ပြုလုပ်ရန် အားကစားကွင်း သီးသန့်မရှိပါ။ နွေရာသီတွင် ကျောင်းနံဘေးရှိ လယ်ကွင်းများတွင် ကစားကြပါသည်။မူကြိုကျောင်းမှာ World Vision အဖွဲ့မှ ထောက်ပံ့ပေးထားပြီး (၄၀'×၃၀'×၁၂')ရှိပါသည်။ မူကြိုကျောင်း၏ ကြမ်းခံမှာ ပြိုကျနေသဖြင့် ပြန်လည်ပြုပြင်ရန် လိုအပ် နေပါသည်။ ပညာရေးစနစ်ပြောင်းလဲလာသဖြင့် KG ကလေးများအတွက် ကစားစရာများလည်း ဖြည့်ဆည်းရန် လိုအပ်နေပါသည်။

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☑ မလုံလောက် ☐ |
| တပည့် – ဆရာ အချိုး | ၄၀: ၁ အောက် ☐ ၄၀: ၁ အထက် ☑ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☐ လတ် ☑ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☐ မလုံလောက် ☑ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် ☐ အသင့်အတင့် ☑ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ☑ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☑ သင့် ☐ ညံ့ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကထဝေင်းနီကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်–ဆရာ အချိုးမှာ ၁၇: ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ထို့အပြင် မသန်စွမ်းသူများအား ပညာရေး အထူး စီအစဉ်ဖြင့် စီမံထားခြင်းမျိုးမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း လုံ လောက်မှု မရှိသည့်အပြင် ဆင်းရဲသော မိသားစုများအတွက် ကျဓာင်းစရိတ်ထဓာက်ပံ့မှုလည်း သီးသန့်မရှိပါ။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင်သာ ကစားရပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများမှာ မရှိသလောက်နည်းပါးပါသည်။ မိဘ ဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှုအား ကောင်းပါသည်။

**(ဇ) ကျန်းမာရေးနှင့် အာဟာရ**

**(ဇ–၁) အဖြစ်များသော ရောဂါများ**

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်☑ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☑ နိမ့်☐ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☐ မရှိ☑ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၆ | တီဘီ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၇ | ဆီးချို | မြင့်☑ နိမ့်☐ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☑ နိမ့်☐ မရှိ☐ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီ ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ဖြစ်ကြပါသည်။ မိုးရာသီတွင် ကလေးငယ်များ သွေးလွန်တုတ်ကွေးရောဂါ အဖြစ်များပြီး အသက်ဆုံးရှုံးမှုများမရှိပါ။ နှလုံးရောဂါ၊ HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သော ရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ လေးဖက်နာရောဂါ၊ တီဘီနှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ အာဟာရချို့တဲ့မှုနှင့် ငှက်ဖျားရောဂါမှာ မရှိသလောက်နည်းပါးပါသည်။ ထူးခြားမှုအနေဖြင့် ယခုနှစ်တွင် ဆစ်တုတ်ကွေး ရောဂါမှာ တစ်ရွာလုံးနီးပါးဖြစ်ပွားခဲ့ပြီး ရောဂါအခြေအနေမှာ ဆိုးရွားကြ ပါသည်။

## (၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကထဓောင်းနီကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာရောဂါများမှ တစ်ပါး ကျန်ရောဂါများအတွက် ကာကွယ်ဆေးထိုးနှံမှု ရှိပါသည်။ ကာကွယ်ဆေးကို လေးသွန်းခံကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် ထိုးနှံရပါသည်။ ကိုယ်ဝန်ဆောင်များ အတွက် မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း၊ သံဓာတ်အား ဆေးများ ကျွေးခြင်း၊ သွေးစစ်ခြင်း စသည် တို့အား လိုအပ်သလို ပြုစုစောင့်ရှောက်ပေးလျက်ရှိသောကြောင့် အဆင်ပြေမှုရှိပါသည်။ ကလေးများ အတွက် ပိုလီယိုရောဂါ၊ဝက်သက်ရောဂါများအတွက်၊ စုပေါင်း ကာကွယ်ဆေးထိုး နှံမှုများလည်း ရှိပါသည်။ World Vision အဖွဲ့မှ အာဟာရ မှတ်တမ်းယူမှုကို တစ်လလျှင် တစ်ကြိမ် ပြုလုပ် ပေး ပြီး ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော ပွဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

**(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☑ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ မရှိပါ။ (၂)မိုင်ခန့်ကွာဝေးသော လေးသွန်းကျေးရွာကျန်းမာရေးဌာနခွဲတွင် ဆေးကုသမှုခံယူကြပါသည်။ ထို့အပြင် ကျေးရွာတွင် ကျန်းမာရေးဆရာမ (အရန်သားဖွား) တစ်ဦး ရှိပြီး ရွာခံဖြစ်ကာ ဝန်ဆောင်မှုရရှိရန် ခက်ခဲပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများသည် အများအားဖြင့် လောင်းလုံးမြို့ရှိ ဆေးပေးခန်းကိုသာ သွားရောက်ကုသမှုခံကြပါသည်။ မြို့နယ်ရှိ ဆေးပေးခန်းသည် ကျေးရွာမှ(၁၀)မိုင်ခန့်ဝေးပြီး ဆိုင်ကယ်ငှါးရမ်းခ အသွားအပြန်(၃၀၀၀-၄၀၀၀)ကျပ်အထိပေးရပါသည်။ အရေးကြီးပါက ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးတွင် ကုသမှု ခံယူကြပါသည်။ ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးသည် ကျေးရွာမှ (၂၀)မိုင်ခန့်ကွာဝေးကာ ဆရာမများ နွေးထွေးစွာဆက်ဆံသဖြင့် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် ကျေးရွာတွင် အရေးပေါ်ကား (၁)စီးရှိပြီး နာရေးကူညီမှုအသင်းလည်းရှိသဖြင့် အရေးကြီးသည့် ကိစ္စရပ်များ ဆောင်ရွက်ပါက အဆင်ပြေမှုရှိပါသည်။ ညပိုင်းကျန်းမာရေးဝန်ဆောင်မှုများ ရရှိရန် ခက်ခဲသဖြင့် ကျန်းမာရေး ဆရာမလိုအပ်ကြောင်းနှင့် ဆေးပေးခန်းဆောက်လုပ်ပါက ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။ ကျေးရွာနှင့် အနီးအနားတွင် ဆေးဆိုင်သီးသန့် မရှိပါ။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၁၇ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | ၁ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | ၁ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | ၉၉ | ရှိ☑ မရှိ☐ | ကောင်း☐ သင့်☑ ညံ့☐ | နွေ ☐<br>မိုး ☑<br>ဆောင်း ☑ |
| မြစ်/ချောင်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေကန် | ၆ | ရှိ☑ မရှိ☐ | ကောင်း☐ သင့်☑ ညံ့☐ | နွေ ☐<br>မိုး ☑<br>ဆောင်း ☑ |
| စိမ့်စမ်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာတွင် မြေသားရေကန် (၂)ကန်ရှိပါသည်။ တစ်ကန်မှာ World Vision မှ လှူဒါန်းထားပြီး နောက်တစ်ကန်မှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တူးဖော်ထားခြင်းဖြစ်ပါသည်။ ထိုရေကန်မှ ရေအား စင်မြင့် ရေစင်ပေါ်သို့တင်ကာ ကျေးရွာသို့ ရေဖြန့်ဖြူးလျက်ရှိပါသည်။ ထိုစင်မြင့်ရေကန်မှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်က ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သောရေကန်ဖြစ်ပါသည်။ ထို့အပြင် လေးသွန်းခံကျေးရွာလက်တူးတွင်းမှလည်း ပိုက်လိုင်းသွယ်တန်းထားပြီး ရေမီတာစနစ်ဖြင့် (၁)ယူနစ်လျှင်(၅၀၀)ကျပ်နှုန်း ဖြင့် အသုံးပြုသူ အိမ်ထောင်စု အနည်းငယ်လည်းရှိပါသည်။ ထိုရေအရင်းအမြစ်များမှာ မိုးရာသီနှ င့် ဆောင်းရာသီတွင် လုံလောက်စွာ အသုံးပြုနိုင်သော်လည်း တပေါင်း၊ တန်ခူး၊ ကဆုန်လ စသည့် နွေရာသီရောက်လျှင် ရေများခန်းခြောက် သွားပါသဖြင့် သောက်သုံးရေအတွက် အခက်အခဲများစွာ ရှိပါသည်။ ထို့ကြောင့် အခြားရွာများမှ ရေအလှူရှင်များ၊ သက်ဆိုင်ရာဌာနများမှ ရေအလှူများအား မျှော်နေ ရပါသည်။ သို့မဟုတ်ခဲ့လျှင် (၂၀)ဂါလံဝင်ရေပုံး (၁)ပုံးအား (၁၅၀၀)ကျပ်နှုန်းဖြင့် ဝယ်သုံးရပါသည်။ သို့ဖြစ်ပါ၍ World Vision မှ လှူဒါန်းထားသော ရေကန်အား တိုးချဲ့ပြီး လေးသွန်းခံကျေးရွာရှိ လက်တူးတွင်းအား ပြန်လည်ပြုပြင်မည်ဆိုပါက ကျေးရွာတွင် သောက်သုံးရေများ ရာသီမရွေး လုံလောက်စွာ အသုံးပြုလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဈ–၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၅ |
| ရေလောင်း/ယင်လုံအိမ်သာ | ၉၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | – |
| တွင်းမရှိ အိမ်သာ | ၂ |
| အိမ်သာမရှိ | ၁၀ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ (၉၅)စုရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၂)စုရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု များသည် ဆီပေပါများကို ဝယ်ယူပြီး အသုံးပြုကြပါသည်။ ယခုနှစ်တွင် World Vision အဖွဲ့မှ အိမ်သာအခက်အခဲရှိသော မိသားစုများအတွက် ယင်လုံအိမ်သာများကို ဆောက်လုပ်ပေးပါသည်။ အချို့မှာ မြေနေရာမရှိသဖြင့် ဆောက်လုပ်နိုင်ခြင်း မရှိပါ။

## (ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☑ | မရှိ ☐ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ | ရှိ ☑ | မရှိ ☐ |

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| | အမြင်ရှိမှု | | |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုတို့ရှိပါသည်။ ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး နှင့် ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း တက်ကြွစွာပူးပေါင်း ဆောင် ရွက်ကြပါသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှု အနည်းငယ်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် အများစု အသိအမြင်ရှိမှုမှာ နည်းပါးပါသည်။ ထိုကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေး ဟောပြောပွဲများ လိုအပ် နေပါသည်။

## (ဠ) အခြေခံ အဆောက်အဦများ အခြေအနေ

### (ဠ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☑ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☑ ၄☐ ၅☐ | ကောင်း☑ သင့် ☐ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☑ ၅နှစ် ထက်☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာတွင်းလမ်း(၅)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြ

ပါသည်။ လမ်းများသည် နွေရာသီတွင် အသင့်အတင့် အသုံးပြုနိုင်သော်လည်း မိုးရာသီတွင် ချောင်းမြောင်း တိမ်ကောသဖြင့် လမ်းပေါ်သို့ လမ်းပေါ်တွင် ရေကျော်ခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကို နှစ်စဉ်ကြုံတွေ့ ရပါသည်။ ကျေးရွာသူ/ သားများ သည် မိုးရာသီတွင် တစ်နှစ်လျှင်(၂)ကြိမ်လမ်း ပြုပြင်ကြ သော်လည်း ထိရောက်မှု နည်းပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့် တင်မည်ဆိုပါက ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး လူနေမှု အဆင့်အတင့် မြင့်မားလာမည်ဖြစ်ပါသည်။ ထို့အပြင် သုသာန်သွားလမ်းမှာ (၁၆၃၀'×၁၄')ရှိပြီး မိုးရာသီတွင် ဗွက်ထခြင်းကြောင့် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရှိပါသည်။ ကျေးရွာရှိ လူငယ်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ/သားများသည် ကိုယ်ထူကိုယ်ထ စနစ် ဖြင့် တစ်နှစ်လျှင် (၁)ကြိမ် လုပ်အား၊ ငွေအားများဖြင့် အားတက်သရော ပူးပေါင်းပါဝင်ကြပါသည်။ လေးသွန်းခံ- ကထောင်းနီ ကျေးရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး( ၉၆၀၀'×၁၂'×၈")ရှိပြီး ၂၀၁၈ပ(၆)လတွင် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပြီး အရည်အသွေး ကောင်း မွန် ပါသည်။ ကျေးရွာတွင် ချဉ်းကပ်လမ်း မရှိပါ။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၁၈'×၁၄'×၆' | ကောင်း ☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ရေပြွန် | ၁၂'×၂'×၂' | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေမှာ ဆိပ်ခံ တံတား၊ ကြိုးတံတား၊ ဝါးတံတား၊ ရေကျော် စသည်တို့ မရှိပါ။ ကွန်ကရစ် တံတားနှင့် ရေပြွန်သာ ရှိပါသည်။ ရွာအရှေ့တံတားမှာ (၁၈'×၁၄'×၆')ရှိပြီး ၂၀၁၃ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ထားသော တံတားဖြစ်ပါသည်။ ထို့အပြင် ကထောင်းနီ– ကညုံကျွန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားမှာ (၁၈'×၁၄'×၆')ရှိပြီး လမ်းမှာ တိုးချဲ့လိုက်သဖြင့် တံတားမှာ ကျဉ်းမြောင်းနေပါသည်။ ထို့အပြင် ထိုတံတား၏ အခင်းမှာ သစ်မြောင်းဖြင့်ခင်းထားသဖြင့် အန္တရာယ်ရှိပါသည်။ ထိုတံတားအား (၂၀'×၂၄'×၁၀')သို့ ပြန်လည်တိုးချဲ့ပြီးဆောင်ရွက်ရန် လိုအပ်နေပါသည်။

## (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | | | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☑<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☑ | ၂ ☑ | ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ | ၂ ☐ | ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာတွင် မြစ်ကြောင်းအား ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန်သာ အသုံးပြုပြီး တစ်နှစ်ပတ်လုံးအသုံးပြုပါသည်။ သို့သော်လည်း မြစ်ကြောင်း သယ်ယူဆောင်ရေး ကိုမူ အသုံးမပြုပါ။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၇ | ၅ | ၆၅ | ၁၀၇ | ၄ | ၆ | ၈ | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာတွင် ရေလုပ်ငန်းလုပ်ကိုင်သူများသည် စက်လှေနှင့် လှေ ကို အသုံးပြုပြီး (၁၂)စီးရှိပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ ကျောင်းသို့သွားလာရာတွင်လည်းကောင်း၊ ဈေးသို့သွားရာတွင်လည်းကောင်း အသုံးပြုကာ (၆၅)စီးရှိပါသည်။ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စ၊ စီးပွားရေး ကိစ္စတွင် အသုံးပြုကြပြီး အိမ်တိုင်း နီးပါးရှိကာ (၁၀၇)စီးရှိပါသည်။ သုံးဘီးဆိုင်ကယ်(၄)စီး နှင့် ကား (၈) စီးမှာ ရွာ၏ သယ်ယူပို့ဆောင်ရေးကို အဓိက ထားဆောင်ရွက်ပါသည်။ ၎င်းအပြင် ကားကို ထိုင်းနိုင်ငံသို့ ထီးခီးလမ်းမှ သွားရာ၌ အသုံးပြုပြီး ထိုနိုင်ငံ တွင် အလုပ်လုပ်နေကြသော လုပ်သားများ ကျေးရွာသို့အသွားအပြန်လုပ်ရန် အဆင်ပြေပါသည်။ ထို့အပြင် ထော်လာဂျီ(၆)စီးမှာ ကျေးရွာမျထွက်ရှိသော (ခနိဖက်) ကုန်ပစ္စည်းများကို သယ်ယူရာ၌ အသုံးပြုကြပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဆိုလာစနစ် | ၈၄ | ကောင်း☑ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၂၃ | ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| သော လျှပ်စစ်ဓာတ်အားပေးစနစ် | | | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၂ | ☒ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာအသေးစား ရေအား လျှပ်စစ်၊ဇီဝလောင်စာနှင့် လေစွမ်းအင် အသုံးပြုခြင်းမရှိပါ။ EPC မီးလိုင်းမှ တိုင်၊ transformer၊ မီးကြိုးများ တပ်ဆင်ထားပြီးမီး မထုတ်လွှတ်ရသေးသော အခြေအနေဖြစ်ပါသည်။ ထို့အပြင် ကျေးရွာတွင် ဆိုလာသုံးစွဲသူ(၈၄)ဦးရှိပြီး ပြုပြင်ထိန်းသိမ်းရေး စနစ်မှာလည်း ကောင်းပါသည်။ ထိုဆိုလာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်သော အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းဖြင့် ၂၀၁၆–၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုလက်ရှိတွင် ဆိုလာမရှိသောအိမ်ထောင်စုများသည် ကျေးရွာ ပုဂ္ဂလိကပိုင် ဒီဇယ်သုံး အင်ဂျင်စက်(၂)လုံးမှ လျှပ်စစ်မီးအား တစ်လလျှင်(၁၀၀၀၀)ကျပ်နှုန်းဖြင့် သုံးစွဲလျက်ရှိ ပါသည်။ လျှပ်စစ်မီး မသုံးစွဲနိုင်သူများသည် ဖယောင်းတိုင်နှင့် ရေနံဆီမီးကို အသုံးပြုကြပြီး အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ထို့ကြောင့် မဟာဓာတ်အား လိုင်းမှာ ၂၀၁၉–၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ရရှိမည်ဟု ခန့်မှန်းနိုင်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လို သူများအတွက် အခွင့်အလမ်း များ ရရှိလာမည်ဖြစ်ပါသည်။

### (၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၃၅၇ | ၅၁ | ၇၅ | ၆၉ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကထောင်းနီကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၃၅၇) လုံး ရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ထို့အပြင် ရေဒီယို(၅၁)လုံးရှိပြီး အလုပ်လုပ်ကိုင်ရင်း ဖွင့်ထားတတ်လေ့ရှိရာ သတင်းအချက်အလက်နှင့် နည်းပညာ များကို နားဆင့်လေ့ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်များ စုံလင်စွာမရှိပါ။ တီဗွီ (၇၅) လုံးရှိသော်လည်း သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဗဟုသုတ များ လေ့လာမှု အားနည်းသည့်အတွက် စာပေဟောပြောပွဲများ၊ အသိပညာပေး ဟောပြော ပွဲ များ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ကျေးရွာရှိ လူငယ်အများစုသည် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်သောကြောင့် သတင်းအချက်နှင့် နည်းပညာများအား Viber & Messager တို့ဖြင့်သာ ရယူလေ့ရှိကြောင်း လေ့လာတွေ့ရှိပါသည်။

## (ဃ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☐ မရှိ☑ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့☑ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☑ များ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိလူငယ်များ အပန်းဖြေနားယူရန် နေရာဟူ၍ သီးသန့်မရှိပါ။ တန်ခူးလတွင် သင်္ကြန်ပူဇော်ပွဲ၊ သီတင်းကျွတ်လတွင် ပါဠာန်းရွတ်ဆိုပွဲ၊ ကထိန်ပွဲ၊ နတ်ပွဲ စသည့် သာသာရေးပွဲတော်များသာရှိပါသည်။ထိုပွဲတော်များတွင် လူငယ် ပါဝင်မှုရှိပြီး ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ခြင်းတွင် ပါဝင်မှုနည်းကြပါသည်။ ထို့အပြင် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် အားကစားကွင်း သီးသန့် မရှိသည့်အပြင် အားကစားနှင့် ဆက်စက်ပစ္စည်းမှာလည်း မရှိသလောက်နည်းပါသည်။ ထို့ကြောင့် ကျန်းမာ သန်စွမ်း ရန်နှင့် အားကစားစိတ်ဓာတ်မြင့်မားစေရန် အားကစားကွင်းပြုလုပ်ရန် လိုအပ်ပြီး ပြုလုပ် ဆောင်ရွက် ရန် မြေနေရာ လည်းရှိ ပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာပေ များစုံလင်စွာ မရှိပါ။ ထို့အပြင် စာအုပ်များငှါးရမ်းရန် စာကြည့်တိုက်မှူးသီးသန့်မရှိသဖြင့် စာအုပ်ငှါးရမ်းသူများအတွက် အခက်အခဲရှိ ပါသည်။ ထို့ကြောင့် စာအုပ်ငှါရမ်းရန် ကျေးရွာရှိ လူငယ်များအား အလှည့်ကျ တာဝန် ပေးအပ်ရန် လိုအပ်နေပါသည်။

## (ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တယ်လီဖုန်းလိုင်း အဆောက်အဦ မရှိသည့်အပြင် အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုလည်း မရရှိပါ။ လူထုအခြေပြု သဘာဝဘေး အန္တရာယ် လျှော့ချရေး အစီအစဉ်များ အနေဖြင့် ကျေးရွာတွင် **"သဘာဝဘေးအန္တရာယ်လျှော့ချရေးအဖွဲ့"** ရှိပြီး သဘာဝဘေး လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေး အတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းမှာ အသင့်အတင့်ကောင်းမွန်သဖြင့် မှုခင်းလျှော့ချရေး အတွက် အထောက်အကူပြုပါသည်။

### (ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☑<br>မရှိ ☐ | စိုးရိမ်ရသည် ☐<br>သာမန် ☑<br>မရှိ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုများအနေဖြင့် လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုမှာ မရှိသလောက်နည်းပါးပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းမှာ အနည်းငယ်ရှိပြီး စိုးရိမ်ရသော အခြေအနေမရှိပါ။ လွန်ခဲ့သော နှစ်အတွင်း အကြမ်းဖက်မှု(၁)ခုဖြစ်ပွားခဲ့ပြီး အမှုရင်ဆိုင်

နေရပါသည်။ ထိုအမှုကို ကျေးရွာကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့မှ ဦးဆောင်၍ ဖြေရှင်း ဆောင်ရွက်လျက် ရှိပါသည်။ ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှု အနည်းငယ် ရှိသောကြောင့် အမျိုးသမီးများ လုံခြုံရေးအား အလေးထားဆောင်ရွက်သင့်ကြောင်းနှင့် မူးယစ် ဆေးဝါးကင်းစင်ရေး အသိပညာ ပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

နောက်ဆက်တွဲ (၃)

## ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား(ကထောင်းနီကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ပညာရေး** | | | | | |
| ၁ | • ကျောင်းဆောင်အက်ကွဲနေခြင်း၊<br>• ကျောင်းသားများအတွက်အန္တရာယ်ရှိခြင်း<br>• ကျောင်းအဆောက်အအုံလုံလောက်မှုမရှိခြင်း | • ကျောင်းအဆောက်အဦသက်တမ်းကုန်ဆုံးနေခြင်း<br>• ကျောင်းသားဦးရေတိုးလာခြင်း | • မိဘဆရာအသင်းမှပူးပေါင်းပါဝင်မှုရှိခြင်း | | • ကျောင်းအုပ်ဆရာမနှင့်အုပ်ချုပ်ရေးမှူး၊ မိဘဆရာအသင်း၊ကျောင်းကော်မတီအဖွဲ့များမှပူးပေါင်းပြီး ပညာရေးဌာနသို့တင်ပြခြင်း | • ကျောင်းအဆောက်အဦတည်ဆောက်ခြင်း(၉၀’×၃၀’ ) |
| ၂ | • မူကြိုကျောင်းကလေးများအတွက် အန္တရာယ်ရှိခြင်း | • မူကြိုကျောင်း သစ်သားကြမ်းခင်းများဆွေးမြေ့နေခြင်း၊ ပြိုကျခြင်း။ | • ရပ်ရွာလူထုမှ ပူးပေါင်းပါဝင်နိုင် ခြင်း | • ငွေကြေးမတတ်နိုင် ခြင်း | • လူမှုဝန်ထမ်းဌာနတွင်အကူအညီတောင်းခံ ခြင်း | • မူကြိုကျောင်းကြမ်းခင်းပြင်းလုပ်ငန်း (၄၀’×၃၀’) |
| ၂ | **လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |
| ၃ | • ဖွက်အိုင်များထခြင်း<br>• လမ်းပျက်စီးခြင်း<br>• အရေးပေါ်ကိစ္စများဆောင်ရွက်ရာတွင်လျင်မြန်စွာ မဆောင်ရွက်နိုင်ခြင်း<br>• သာရေး/နာရေးကိစ္စများဆောင်ရွက်ရာတွင်ခက်ခဲခြင်း | • မြေသားလမ်းဖြစ်နေခြင်း<br>• ရေမြောင်းတိမ်ကောခြင်း | • ကျေးရွာလူထုမှ လုပ်အားအပြည့်အဝပါဝင်ပေးနိုင်ခြင်း<br>• လမ်းဘေးဝဲယာမြေပိုင်ရှင်များမှမြေယာလှူဒါန်းပေးနိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဆွေးနွေးတိုင်ပင်ပြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | • သုသာန်သွားလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၁၆၃၀’×၁၂’×၆” ) |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | • ရေကျော်ခြင်း၊ရေငန်ဝင်ခြင်း၊<br>• ဗွက်အိုင်များထခြင်း<br>• အရေးပါကိစ္စများပေါ်ပေါက်ပါက ကားအဝင်အထွက်ခက်ခဲခြင်း | • ရွာတွင်းလမ်းများကျဉ်းမြောင်းခြင်း<br>• ရေမြောင်းတိမ်ကောခြင်း | • လမ်းတိုးချဲ့ရန်မြေနေရာရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးရွာတွင်းလမ်းကွန်ကရစ်ခြင်း<br>လုပ်ငန်း(၃၂၉၀'×၁၂'×၆") |
| ၅ | • ရေကျော်ခြင်း၊သွားလာရေးအတွက်အန္တရာယ်ရှိခြင်း | • မြေတံတားကျဉ်းမြောင်းခြင်း<br>• တံတားသစ်ဘောင်များဆွေးမြေ့ခြင်း | | • ကျေးရွာလူထုမှ ပူးပေါင်း ပါဝင်မှုအားနည်းခြင်း | • အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများပူးပေါင်း၍သက်ဆိုင်ဌာနတွင်တောင်းခံ ခြင်း | • ကွန်ကရစ်တံတားတည်ေ ောက် ခြင်း<br>(၂၄'×၂၀'×၁၀') |
| ၃ | **ကျန်းမာရေး** | | | | | |
| ၆ | • သောက်သုံးရေလုံလောက်မှုမရှိခြင်း<br>• စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အခက်အခဲရှိခြင်း<br>• ဝင်ငွေရရှိနိုင်မှုအားနည်းခြင်း | • ပင်လယ်နှင်းနီးခြင်း<br>• ရေတွင်းမရှိခြင်း | • ရေပိုက်သွယ်တန်းစနစ်ရှိခြင်း<br>• သောက်သုံးရေရရှိရန်မြေသား ရေကန်ရှိခြင်း<br>• လုပ်အားပါဝင်ပေးနိုင်ခြင်း | • ငွေကြေးမတတ်နိုင် ခြင်း | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း | • မြေသားရေကန်တိုးချဲ့ခြင ်း(၁၀၀'× ၁၂၆'×၅')<br>• လက်တူးတွင်းပြုပြင်မွမ်းမံခြင်း<br>(၁၈'φ×၄၀') |
| ၇ | • ကျန်းမာရေးဝန်ဆောင်မှုကို အချိန်မီ မရရှိနိုင်ခြင်း | • ကျေးရွာတွင် အတည်တကျနေထိုင်သောကျန်းမာရေးဆရာမရှိခြင်း | • အနီးအနားကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း | • ဆေးပေးခန်းဆောက်ရန်မြေနေရာမရှိခြင်း | • ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ခြင်း | • ကျန်းမာရေးဆရာမလိုအပ်ခြင်း<br>• ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ခြင်း |
| ၈ | • ရပ်ရွာအတွင်းအမှိုက်များရှုပ်ပွလာခြင်း | • အမှိုက်သိမ်းစနစ်မရှိခြင်း၊အမှိုက်ကန်မရှိခြင်း | • ကိုယ်ထူကိုယ်ထအမှိုက်သိမ်းစနစ်ရှိခြင်း | • ပူးပေါင်းပါဝင်မှုအားနည်း ခြင်း | • ကျေးရွာတွင် အမှိုက်သိမ်းစနစ်ကော်မတီများ ဖွဲ့စည်းခြင်း | • အမှိုက်သိမ်းစီမံချက်လုပ်ငန်း ဆောင်ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • ပတ်ဝန်းကျင်သာယာ သန့်ရှင်းမှုမရှိခြင်း | | | • အမှိုက်သိမ်းယာဉ်မရှိ ခြင်း | | |
| ၄ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| ၉ | • လူငယ်များမူးယစ်ဆေး ဝါး သုံးစွဲမှုများပြား လာ နိုင်ခြင်း<br>• လူငယ်များအချိန်ပိုတွင် အချိန်ဖြုန်းတီးမှုများပြ ားလာခြင်း<br>• ကိုယ်ကာယကြံ့ခိုင်မှု အားနည်းခြင်း<br>• အနီးအနားကျေးရွာ များတွင်ကစားနေ ရခြင်း | • အားကစားကွင်းမရှိခြင်း | • လူငယ်များ အားကစား ပြုလုပ်ချင်သည့်စိတ်ရှိ ခြင်း | • မြေနေရာမရှိခြင်း<br>• အားကစားပစ္စည်းများ မရှိခြင်း<br>• အားကစားနည်းပြမရှိ ခြင်း | • ရပ်ရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖများဦးဆောင်၍ အားကစား ဝန်ကြီးဌာနသို့တင်ပြခြင်း | • အားကစားကွင်းပြုလုပ် ခြင်း |
| ၁၀ | • လူငယ်များ အသိပညာ နည်းပါးလာခြင်း | • စာကြည့်တိုက်တွင် စာဖတ်သူမရှိခြင်း၊<br>• စာအုပ်များပြည့်စုံစွာမရှိ ခြင်း | • စာကြည့်တိုက်ရှိခြင်း | • ဦးဆောင်မည့်သူမရှိခြင်း | • ဦးဆောင်မည့်သူကို ရွေးချယ်ခြင်း | • စာအုပ်အသစ်များဝယ်ယူ ခြင်း<br>• စာကြည့်တိုက်အတွက်စီမံ ချက်များနှင့် စီမံခန့်ခွဲပြီး အလှည့်ကျတာဝန်ပေးအပ် ခြင်း |
| ၁၁ | • အလုပ်လက်မဲ့လူငယ် များ များပြားလာခြင်း | • လူငယ်များအလုပ် အကိုင်အခွင့်အလမ်း နည်းပါးခြင်း | • သင်ယူလိုစိတ်ရှိခြင်း | • | • အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်း သင်တန်းများတက်ရောက် ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၁၂ | • ဈေးသည်များဈေးရောင်းရန် ခက်ခဲခြင်း<br>• ဈေးသည်များနည်းပါးလာခြင်း<br>• ဈေးသည်များအမြတ်တင်ခြင်း | • ဈေးခေါင်မိုး တစ်ခြမ်းသာ ရှိခြင်း | • ဈေးရှိခြင်း | • သက်ဆိုင်ရာဌာနနှင့် ချိတ် ဆက်မှုအားနည်းခြ င်း | • ယခုရှိနေသော အဆောက်အဦအား စနစ်တကျပြန်လည်တည်ဆောက်ခြင်း | • အဆောက်အဦအမိုးမိုးခြင်း လုပ်ငန်း |
| ၆ | **စိုက်ပျိုးရေး** | | | | | |
| ၁၃ | • ရေငန်ဝင်ရောက်ခြင်း<br>• စပါးအထွက်နှုန်းနည်းလာခြင်း<br>• မြေဆီသြဇာပျက်စီးခြင်း၊ပိုးမွှားများကျရောက် ခြင်း | • ချောင်းမြောင်းများတိမ်ကောလာခြင်း | • စိုက်ပျိုးမြေအလုံအလောက်ရှိခြင်း | • ငွေကြေးလုံလောက်မှုမရှိခြင်း<br>• ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း | • အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများဦးဆောင်၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ခြင်း | • ဆည်မြောင်းအား အနက်ပြန် လည်တူးဖော်ခြင်း လုပ်ငန်း (၁၀၀၀၀’×၂၆’×၆’) |
| ၁၄ | • စပါးဈေးကွက်တင်ဈေးနှုန်းမှန်ကန်စွာမရောင်းချနိုင်ခြင်း<br>• စပါးအရည်အသွေးမပြည့်ခြင်း<br>• စပါးရိတ်သိမ်းမှုနောက် | • လယ်ယာသုံးစက်ကိရိယာများ လုံလောက်မှုမရှိခြင်း | • အနီးအနားကျေးရွာတွင် စက် ကိရိယာများငှါးရမ်းနိုင်ခြင်း | • စက်ကိရိယာများဝယ်ယူရန်ငွေကြေးလုံလောက်မှုမရှိခြင်း | • လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသော ကုမ္ပဏီများနှင့် ချိတ်ဆက်ခြင်း | • လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | ကျခြင်း | | | | | |
| ၇ | **မွေးမြူရေး** | | | | | |
| ၁၅ | • ကြက်၊ဝက်၊ဘဲများ သေဆုံးမှု များပြားခြင်း | • မွေးမြူရေးဆိုင်ရာနည်းပညာအားနည်းခြင်း<br>• ရေလုံလောလက်မှုမရှိခြင်း | • တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်ရန် မြေနေရာရှိခြင်း | • မွေးမြူရေးပိုင်းဆိုင်ရာ စိတ်ဝင်စားမှုအားနည်းခြင်း | • မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ပြီး နည်းပညာသင်တန်း များဖွင့်လှစ်ခြင်း | • မွေးမြူရေးဆိုင်ရာသင်တန်းများပြုလုပ်ခြင်း |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ – ကထောင်းနီ

ကျေးရွာအုပ်စု – ကထောင်းနီ

မြို့နယ် – လောင်းလုံး

တိုင်းဒေသကြီး / ပြည်နယ် – တနင်္သာရီ

**စီမံချက်အမည်** – မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်း(၁၀၀’×၁၂၆’×၅’)

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာမှာ မြစ်ကြောင်းနံဘေးတွင် ရှိနေသောကြောင့် နစ်စဉ်ရေဝင်လေ့ရှိပါသည်။
- ကျေးရွာသူ/သားများမှာ နွေရာသီတွင် သောက်သုံးရေ မလုံလောက်သဖြင့် ဝယ်ယူသုံးစွဲနေရသည့် အခက်အခဲများ ရှိနေပါသည်။
- နွေရာသီ မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်ရပါသည်။
- သောက်သုံးရေ အတွက် ကုန်ကျစရိတ် ပိုမိုကုန်ကျသဖြင့် စီးပွားရေးအတွက် နှောင့်နှေးကာ ငွေကြေး အခက်အခဲများ ကြုံတွေ့နေရပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာနေပြည်သူများ ရေကို ရာသီမရွေးသုံးစွဲနိုင်ရန်၊
- နွေရာသီတွင် ရေဝယ်ယူခြင်း အခက်အခဲအား ဖြေရှင်းရန်၊
- မီးဘေးအန္တရာယ် ကင်းဝေးစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာအတွက် လက်တူးတွင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းဖြင့် ကျေးရွာတွင် ရေဖူလုံစွာ ရရှိလာမည်။
- နွေရာသီ မီးဘေးအန္တရာယ်ကြုံတွေ့လာပါကလည်း အချိန်မီ လွယ်ကူစွာ ငြိမ်းသတ်နိုင်မည်။
- ထိုသို့ လက်တူးတွင်းဆက်စပ်လုပ်ငန်းနှင့် အိမ်တိုင်ရာရောက် ရေသွယ်စနစ်သို့ အဆင့်မြှင့်တင်နိုင်ပြီး အချိန်ကုန်သက်သာစွာဖြင့် သောက်သုံးရေ ဖူလုံစွာ ရရှိလာနိုင်မည်။
- ကုန်ကျစရိတ် သက်သာပြီး စီးပွားရေးလုပ်ငန်းများတွင် ပိုမို ရင်းနှီး မြုပ်နှံနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း(၁၀၀’×၁၂၆’×၅’)အား ခန့်မှန်းကုန်ကျငွေ(၁၀၀၀၀၀၀၀)ကျပ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀၀၀၀၀၀၀၀(ငွေသား)<br>• ………………… (ငွေသား)<br>• …………………(ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၁၁ | ၄၃၈ | ၈၄၉ | ၁၀ | ၄၀ | ၃၂ | ၂၅ | ၁၀၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၁ | ၄၃၈ | ၈၄၉ | ၁၀ | ၄၀ | ၃၂ | ၂၅ | ၁၀၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကထောင်းနီကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း**–ဇွန်လ (တတိယပတ်) (၂၀၁၉)

**(၃) စီမံချက်ပြီးစီးမည့်အချိန်** –စက်တင်ဘာလ (စတုတ္ထပတ်) (၂၀၁၉)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်း စွာ တိုင်ပင်ဆွေးနွေးပါမည်။
- မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းတွင် လုပ်အားထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- မြေသားရေကန်တူးဖော်ခြင်းအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ် ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | |
|---|---|
| ကျေးရွာ | – ကထောင်းနီ |
| ကျေးရွာအုပ်စု | – ကထောင်းနီ |
| မြို့နယ် | – လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | – တနင်္သာရီ |

**စီမံချက်အမည်** – လက်တူးတွင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်း(၁၈'ဖ×၄၀')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာမှာ မြစ်ကြောင်းနံဘေးတွင် ရှိနေသောကြောင့် နှစ်စဉ်ရေဝင်လေ့ရှိပါသည်။
- ကျေးရွာသူ/သားများမှာ နွေရာသီတွင် သောက်သုံးရေ မလုံလောက်သဖြင့် ဝယ်ယူသုံးစွဲနေရသည့် အခက်အခဲများ ရှိနေပါသည်။
- နွေရာသီ မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်ရပါသည်။
- သောက်သုံးရေ အတွက် ကုန်ကျစရိတ် ပိုမိုကုန်ကျသဖြင့် စီးပွားရေးအတွက် နှောင့်နှေးကာ ငွေကြေး အခက်အခဲများ ကြုံတွေ့နေရပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာနေပြည်သူများ ရေကို ရာသီမရွေးသုံးစွဲနိုင်ရန်၊
- နွေရာသီတွင် ရေဝယ်ယူခြင်း အခက်အခဲအား ဖြေရှင်းရန်၊
- မီးဘေးအန္တရာယ် ကင်းဝေးစေရန်။
- အသုံးစရိတ်များ အကုန်ကျသက်သာလာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာအတွင်းရှိ ကျေးရွာသူ/ကျေးရွာသားများ ရေအလုံအလောက် သုံးစွဲနိုင်ပြီး ငွေကြေးကုန်ကျ သက်သာလာပါမည်။
- ကျေးရွာအတွက် ရေလုံလောက်စွာ သိုလှောင်ထားနိုင်ပြီး လိုအပ်သည့်အချိန်တွင် အသုံးပြုနိုင်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- လက်တူးတွင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်း (၁၈'ဖ×၄၀')ခန့်မှန်းကုန်ကျငွေ(၈.၁)ကျပ်သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၈၁၀၀၀,၀၀၀(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက် ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၁၁ | ၄၃၈ | ၈၄၉ | ၁၀ | ၄၀ | ၃၂ | ၂၅ | ၁၀၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၁ | ၄၃၈ | ၈၄၉ | ၁၀ | ၄၀ | ၃၂ | ၂၅ | ၁၀၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကထောင်းနီကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၂၀ ခုနှစ်၊ မတ်လ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်း စွာ တိုင်ပင်ဆွေးနွေးပါမည်။
- လက်တူးတွင်းပြုပြင်(မွမ်းမံ)ခြင်းလုပ်ငန်းတွင် ကျေးရွာ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း၊ မြို့နယ်သို့ အစီရင်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်ပါမည်။
- ရေကန်အတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

နောက်ဆက်တွဲ(၆)

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| | |
|---|---|
| ကျေးရွာ | – ကထောင်းနီ |
| ကျေးရွာအုပ်စု | – ကထောင်းနီ |
| မြို့နယ် | – လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | – တနင်္သာရီ |

**စီမံချက်အမည်** –သုသာန်သွားလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း(၁၆၃၀’×၁၂’×၆”)

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာသုသာန်သွားလမ်းသည် (၁၆၃၀’) ရှိပြီး လမ်းအကျယ် (၁၄)ပေ ရှိသော မြေသားလမ်းဖြစ်ပါသည်။
- အဆိုပါလမ်းသည် နွေရာသီတွင် အသုံးပြုရန် အသင့်အတင့်အဆင်ပြေသော်လည်း မိုးရာသီတွင် ဗွက်အိုင်များထခြင်းကြောင့် ကျေးရွာသူ/သားများသည် စုပေါင်း၍ တစ်နှစ်လျှင်တစ်ကြိမ် ပြုပြင်ကြပါသည်။
- သို့သော်လည်း တခဏသာ ရပြီး သာရေး/နာရေးကိစ္စများဆောင်ရွက်ရာ၌ အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- သာရေး/နာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိစေရန်၊
- လယ်တောသွားလာသူများ အဆင်ပြေစေရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။
- သာရေး/နာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေလာပါမည်။
- လယ်သမားများ လယ်တောသွားရာတွင် အချိန်ကုန်သက်သာလာပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- သုသာန်သွားလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း(၁၆၃၀’×၁၂’×၆”)လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၂၇၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၂၇,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |
| • xxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၁၁ | ၄၃၈ | ၈၄၉ | ၁၀ | ၄၀ | ၃၂ | ၂၅ | ၁၀၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၁၁ | ၄၃၈ | ၈၄၉ | ၁၀ | ၄၀ | ၃၂ | ၂၅ | ၁၀၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကထောင်းနီကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၂၀ ခုနှစ်၊ ဧပြီလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၂၀ ခုနှစ်၊စက်တင်ဘာလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- သုသာန်လမ်း ကွန်ကရစ်ခင်းရာတွင် ကျေးရွာမှ လုပ်အား ထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူ လမ်းသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။